
www.dhammadownload.com




# ကံသာလျှင်အမိ၊ ကံသာလျှင်အဖ မှားတယ်လို့မဆိုပါ

(၂၀-၁-၆၀)

၃၄

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော သစ္စာလေးပါးတရားတော်
အမှတ်စဉ်(၃၁)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ကံသာလျှင်အမိ၊ ကံသာလျှင်အဖ

## မှား တယ် လို့ မ ဆို ပါ

(၂၀-၁-၆၀)

---

တကာတကာမတွေအားလုံးပဲ ဒီပြင်တကာတကာမ တွေလဲ ပါလာတော့ ဒီနေ့သီးသန့် တရားတပုဒ်ကို ဟောလိမ့် မယ်လို့ မှတ်ထားရမယ်နော်. . . (မှန်ပါ) သီးသန့် တရားတပုဒ် က တကာတကာမတွေမှာ အင်မတန် အဖိုးတန် လိမ့်မယ်ဆို တာ စောစောစီးစီးက မှတ်ထားပါနော်. . . (မှန်ပါ)။

ဘာအဖိုးတန်သလဲလို့ မေးတဲ့အခါကျတော့ သတ္တဝါ တွေဟာ ကံအမိ၊ ကံအဖလို့ ယူထားကြတာရှိပါတယ်၊ ကံအမိ ကံအဖလို့ ယူမထားကြဘူးလား. . . (ယူထားပါတယ် ဘုရား) ဩော်. . . ကံသာလျှင်အမိ ကံသာလျှင်အဖပဲ၊ သွားလေရာရာ

www.dhammadownload.com



မှာလဲ ကံကခေါင်းဆောင်ပြီးနေကြရတာပဲဆိုတဲ့ အယူဟာ တော်တော်စွဲနေတယ်၊ မစွဲကြဘူးလား. . . (စွဲပါတယ်ဘုရား)။

ကောင်းပြီးတကာတကာမတွေက ကံအပေါ်မှာ ဘယ်လို အယူရှိပြီးနေသလဲလို့ အမေးထုတ်လို့ရှိယင် လူသွားရာမှာ အရိပ်ပါသလို လိုက်နေတယ်လို့လဲ ယူကြတယ်. . . (မှန်ပါ့) နွားသွားရာမှာ လှည်းဘီးလိုက်နေသကဲ့သို့လဲ ယူကြတယ်. . . (မှန်ပါ့ဘုရား)။

ဒီလိုယူတာကို ဘုန်းကြီးတို့က မှားတယ်လို့ မဆိုပါဘူး (မှန်ပါ့) မှန်တယ်လို့ တိုက်ရိုက်အနက်သဘော နိတတ္ထအားဖြင့် ဆိုရမှာလဲမဟုတ်ဘူး. . . (မှန်ပါ့) ဒကာကြွယ် ဒါလိုအဓိပ္ပာယ်က ရနေတယ်. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်တုန်းလို့ မေးတဲ့အခါ ကံဆိုတာ နာမ်လား ရုပ်လားလို့ မေးလို့ရှိယင် တကာတကာမတွေ တရားနားရည်ဝနေကြတော့ စေတနာကံလို့ မပြောကြဘူးလား . . . (ပြောပါတယ်) စေတနာကံဆိုတာ နာမ်ပေါ့ဗျာ. . . (မှန်ပါ့) နာမ်တရားဆိုတာ ကံလုပ်ကံတည်းက ချုပ်သွားခဲ့ပါပြီ. . . (မှန်ပါ့)။

နာမ်တရားဟာ ဘာပါလိမ့်. . . (ကံပြုလုပ်ကတည်းက ချုပ်သွားပါပြီ) ကံပြုလုပ်ကတည်းက ချုပ်သွားပြီလို့ မှတ်လိုက်စမ်းပါ၊ ဘယ်ကလာပြီး နောက်ကလိုက်နေလိမ့်မလဲဆိုတာ ခင်ဗျားတို့ပဲ တွေးကြည့်ပါလား. . . (မှန်ပါ့) ဒီနာမ်တရားက

www.dhammadownload.com



လိုက်နိုင်ပါ့မလား. . . (မလိုက်နိုင်ပါဘုရား)။

သို့သော်. . . တကာတကာမတွေရဲ့ ဝစီဒွါရက ဘယ့်နှယ်ဖြစ်ပြီးသကာလ နေသတုန်းလို့ မေးတဲ့အခါကျတော့ အို ကံဆိုတာလူသွားရာ အရိပ်ပါသလို နွားသွားရာမှာ လှည်းဘီးပါသလို၊ လဲယင်ထူပေးမည့်ပုံ ခလုတ်ကလေးရှိယင် ရှောင်ပေးမည့်ပုံကံကနောက်ကနေပြီး အထည်ဒြပ်အဖြစ်နဲ့ မသေတဲ့သဘောမျိုးနဲ့ နောက်ကလိုက်နေတယ်လို့ ဒကာကြွယ်တို့ယူထားကြလိမ့်မယ်လို့ ဘုန်းကြီးအထင်ထဲမှာ ရောက်လာတယ်၊ တချို့ဒီလိုမယူပေဘူးလား. . . (ယူကြပါတယ်ဘုရား)။

ဒီလိုယူလို့ရှိယင် တကာ တကာမတို့ ကံဟာနောက်က အမြဲလိုက်နေတယ်၊ တခါတည်း နောက်ကအမြဲလိုက်ပြီး သကာလနေတယ်၊ ဒီကံက မလိုက်လဲ ဟိုကံကလိုက်နေတယ်လို့ ယူကြမယ်ဆိုလို့ရှိယင်ဖြင့် ကံအပေါ်မှာ သဿတဒိဋ္ဌိပါနေတယ် (မှန်ပါ့ဘုရား)။

စဉ်းစားပါ စဉ်းစားပါ. . . တကာတကာမတို့ ကံအပေါ်မှာ ဘာပါနေပါလိမ့်. . . (သဿတ ဒိဋ္ဌိပါနေပါတယ် ဘုရား)။

ဒီဥစ္စာကို ကိုးကွယ် ဆည်းကပ်ပြီးထားတဲ့ ဆရာသမားကမှ ဒီအယူကြီးကို ဖြောင့်မပေးတော့ဘူးဆိုယင် ဒါဟာ သဿတဒိဋ္ဌိဘက်ပြေးပြီဆိုတာ သဿတဒိဋ္ဌိဘက် သက်ဝင်နေတယ်ဆိုတဲ့ဥစ္စာ ပြောရတော့မှာပဲ . . . (မှန်ပါ့) မပြောထိုက်ဘူး

www.dhammadownload.com



လား. . . (ပြောထိုက်ပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားကြပါ၊ ကြပ်ကြပ်စဉ်းစားကြပါ ဘာ့ကြောင့် ကြပ်ကြပ်စဉ်းစားပါလို့ ဤမျှလောက်တိုက်တွန်း နှိုးဆော်မှုကြီးနဲ့ တရားဟောနေရပါလိမ့်မလဲလို့ တကာတကာမတွေက မေးကြလို့ရှိယင် ဒီအယူကိုတော်တော်စွဲနေလို့ ဦးဘအုန်းဆိုသင့်မဆိုသင့် . . . (ဆိုသင့်ပါတယ်ဘုရား)။

ဒီအယူကို တော်တော်စွဲနေတယ်၊ သာမည ပုဂ္ဂိုလ်ဆိုလို့ရှိယင်ဖြင့် ဒီကံကိုတော်တော် အသားယူပြီးသကာလ မင်းတို့ဟာ့ ကံအမိကံအဖနဲ့ လူသွားရာပဲ ကံက အရိပ်ပါသလို လိုက်နေပြီး မင်းတို့မှာ ကံခေါင်းဆောင်နေတယ်ကွ အဲဒီဟာပဲ မင်းတို့ကိုးစားရာ အားထားရာရှိတော့တယ်၊ မင်းတို့နောက်က ဒါဟာလိုက်နေတယ်ဆိုတော့ တကာတကာမတွေပဲ စဉ်းစားကြည့်ပါ၊ "စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိ"လို့ဆိုပြီး စေတနာကို ကံလို့ဟောထားတော့ ကံဟာ စင်စစ် နာမ်ဓမ္မကလေး ဖြစ်နေတော့ ကံပြုတုန်းကလဲ ချုပ်ပျောက်သွားတာပဲ ဖြစ်ပျက် ဆိုတာလဲ ခင်ဗျားတို့ ငြင်းနေစရာ မလိုတော့ပါဘူး. . . (မှန်ပါ့ဘုရား) လိုသေးသလား. . . (မလိုပါဘုရား)။

ဒီကံဟာပြုတုန်းကတည်းက ဘာပါလိမ့်. . . (ချုပ်ပျောက် သွားပါတယ်ဘုရား) ပြုတုန်းကတည်းက ဖြစ်ပြီးပျက်သွားတဲ့ ဓမ္မဆိုတာ ငြင်းဖို့များလိုသေးသလား. . . (မလိုပါဘုရား)။

www.dhammadownload.com



လူသွားရာနောက်က အရိပ်ပါသလို လိုက်နေတယ်လို့ ဒီလိုယူကြမယ်ဆိုလို့ရှိယင် ဩော်. . .ငါတို့ဟာ ဒို့ရှုနေတဲ့ ဝိပဿနာနဲ့ကြည့်တော့ ဒို့ယူထားတဲ့ကံက အမြဲပါပြီး လိုက်နေတယ်လို့ ယူထားတဲ့အယူဟာ ဘယ့်နှယ်များ ဖြစ်နေသတုန်းလို့ တွေးဖို့လဲ အချိန်ရောက်ပြီ. . . (ရောက်ပါပြီဘုရား)။

စဉ်းစားပါ စဉ်းစားပါ တကာတကာမတို့. . . ဒီဥစ္စာကို လေးစားစွာနဲ့ မပေါ် ပေါ်အောင် ပြောမလို့ ခင်းနေတယ်လို့ အဓိပ္ပါယ်ဖြင့် ဒကာကြွယ်တို့ ရှင်းလောက်ပါပြီ. . . (ရှင်းပါပြီဘုရား). ဒကာသစ်ကော ရှင်းရဲ့လား. . . (မှန်ပါ့ဘုရား)။

ဒီကံဟာ နောက်ကလိုက်နေတယ်လို့ ယူကြမလား ဟာ ချုပ်ပျောက်သွားပြီ ကံလုပ်တုန်းကပဲ ချုပ်ပျောက်ခဲ့ပြီလို့ ယူကြမလား . . . (ကံလုပ်တုန်းကပဲ ချုပ်ပျောက်ခဲ့ပါပြီဘုရား)။

ဒါက ဆရာဘုန်းကြီးက တပည့် တကာမတွေလဲ ဖြစ်လို့ ဩော် နာမ်မေ့ဆိုတာ ဖြစ်ပျက်ပဲဖြစ်ပြီး ပျက်သွားတာပဲ၊ ဝိပဿနာသမားတွေမို့ ဒီဥစ္စာ အဖြေက မှန်နေတာကိုးဗျ. . . (မှန်ပါ့) သို့သော် လိုက်နေတယ်လို့ပဲ ယူကြမလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ . . . (မလိုက်ပါဘုရား) လိုက်နေတယ်လို့ ယူကြပြန်လို့ရှိယင်လဲ သဿတဘက် မကျူးဘူးလား ကျူးသလား. . . (ကျူးပါတယ်ဘုရား)။

စဉ်းစားကြည့်ပါ၊ စဉ်းစားကြည့်ပါ၊ ဒကာသစ်တို့ ဒကာဦးဘအုန်းတို့ စဉ်းစားကြပါ၊ ဒီအယူဟာ မပြောင်းပေးလို့ရှိယင်

www.dhammadownload.com



တော်တော်ခက်နေတယ်. . . (မှန်ပါ့) ဒကာကြွယ် မခက်ပေဘူးလား . . . (ခက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီစကားကလေးခဏရပ်ထားလိုက်နော် (မှန်ပါ့) ဒီစကားကလေး ခဏရပ်ပြီးတော့ ပြင်ဖို့ရာကလေးကို ဘုန်းကြီးသည် အကိုးအကားကလေးတခု ပေးလိုက်မယ်နော် (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတယ်၊ တိုက်ရိုက်ဟောတာလဲရှိတယ်၊ ဆောင်ယူဖို့ ဟောထားတာလဲရှိတယ်တဲ့. . . (မှန်ပါ့) တိုက်ရိုက်ယူဖို့ရာ ဟောထားတာလဲရှိတယ်နော်၊ ဆောင်ပြီးယူဖို့ရာကော . . . (ရှိပါတယ်ဘုရား)။

အဲဒါတိုက်ရိုက်ယူဖို့ တရားကို တိုက်ရိုက်မယူပြန်လို့ရှိယင်လဲ ဘုရားကိုပြစ်မှားတာပဲ သဘောကျပလား . . . (ကျပါပြီဘုရား)။ ဆောင်ယူရမည့်တရားကို ကြော်. . . ဒါဟာ ဆောင်ယူရမယ်လို့ မှတ်ထားယင် ကိစ္စမရှိဘူး၊ ဆောင်ယူရအောင်လို့ ဟောထားတာကို တိုက်ရိုက်ယူပြန်လို့ရှိယင်လဲ ဘုရားကို စွပ်စွဲတာပဲ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောထားတာကို တိုက်ရိုက်ယူဖို့ ဟောထားတာကို ဆောင်ယူလိုက်ပြန်ယင်လဲ ဘယ်သူ့ကို စွပ်စွဲမတုန်း . . . (ဘုရားကို စွပ်စွဲပါတယ်) ဆောင်

www.dhammadownload.com



ရမည့်တရားကို တိုက်ရိုက်ယူလိုက်ပြန်လို့ရှိယင်ကော. . . (ဘုရားကို စွပ်စွဲပါတယ်ဘုရား)။

ဒါကလေးနှစ်ခုကို သဘောကျထားဖို့ အရေးကြီးပ်တယ် (မှန်ပါ့) ဒါကလေးနှစ်ခု သဘောကျထားဖို့ အရေးကြီးပ်တယ် တကာတကာမတို့. . . (မှန်ပါ့)။

နားကြီးကြီးနဲ့ ထောင်ကြည့်ပါနော်. . . (မှန်ပါ့) ဦးဘအုန်း နားသေးယင် မရဘူးနော်. . . (မှန်ပါ့) နားသေးယင် မရပါဘူးတဲ့ တကာတကာမတို့. . . (မှန်ပါ့) အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဟောထားတဲ့တရားကို တိုက်ရိုက်ယူရမည့်တရားကို သွယ်ဝိုက်ပြီးယူလိုက်ပြန်လို့ရှိယင်လဲ ငါဘုရားကိုစွပ်စွဲတာပဲ. . . တဲ့၊ သွယ်ဝိုက်ပြီး ဆောင်ယူရမည့် တရားကို တိုက်ရိုက်ယူပြန်ယင်ကော. . . (စွပ်စွဲတာပါပဲ ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ကံဟာ နောက်ကအရိပ်ပမာ လိုက်နေတယ်ဆိုတာ ဘုရားကိုယ်တော်တိုင်ဟောထားတာ "ဆာယာ၀အနုပါယိနီ" ဆာယာ၀ = အရိပ်ကဲ့သို့၊ အနုပါယိနီ= အစဉ်တစိုက်လိုက်၍ဆိုတာ ဆောင်ဟောထားတာ. . . (မှန်ပါ့)။

အဲဒါ ဆောင်ဟောထားတဲ့ နေယျတ္တတရားကို ခင်ဗျားတို့က တကယ်တန်း အထည်ဒြပ်ကြီးနဲ့ လိုက်တယ်လို့ ယူလိုက်လို့ရှိယင် ဘုရားစွပ်စွဲရာ မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား) တိုက်ရိုက်နိတတ္တဟောထားတဲ့ ဒေသနာကို

www.dhammadownload.com



ဆောင်ဆဲ့ပြီး ယှူလိုက်ပြန်ယင်ကော (စွပ်စွဲရာ ရောက်ပါတယ် ဘုရား)။

အဲဒီမှာ တကာတကာမတို့ ခင်ဗျားတို့စဉ်းစားပြီး သကာလ ဒီကံဟာ အနိစ္စလား နိစ္စလား ကြည့်တုန်းကတည်းက (အနိစ္စပါဘုရား) ဒီကံဖြုပ်ကြီးက ခင်ဗျားတို့နောက် လိုက်နိုင်ပါ့ မလား (မလိုက်နိုင်ပါဘုရား)။

မလိုက်နိုင်တော့ တကာတကာမတို့ ကံသည်ကားလို့ ဆိုယင်အနိစ္စတရားမို့ မလိုက်နိုင်ဘူး. . . (မှန်ပါ့) သို့သော် ဘယ့် နှယ်ကြောင့် "ဆာယာဝ အနုပါယိနီ" အရိပ်ပမာကဲ့သို့လို့ ဘုရား က ဘယ့်နှယ်ကြောင့် ဟောထားပါလိမ့်မတုန်းလို့ မေးတဲ့ အခါကျလို့ရှိယင် ဆောင်ပြီးသကာလယှူရန် ယုံကြည်သည်ထက် ယုံကြည်အောင် ဟောလိုက်ခြင်းမျှသာ ဖြစ်ပါတယ်၊ စင်စစ်တော့ ဖြင့် ကံဆိုတဲ့စေတနာ ဖြုပ်အထည်ကိုယ်ကြီးက မလိုက်ပါဘူး (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

ဆောင်ပြီးဟောတဲ့ဥစ္စာကို ခင်ဗျားတို့က တကယ်လိုက် တယ်လို့ တိုက်ရိုက်ယှူပစ်လိုက်လို့ရှိယင် မှားပါလိမ့်မယ် . . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဟာ ဒီအထဲတွင် သဘောပါလို့မဖြစ်သေးဘူးခင်ဗျား တို့ အလွန်စိုးရိမ်လို့ ပြောနေတဲ့ စကားတခုပဲလို့ ဒကာကြွယ်တို့ ဒကာသစ်တို့ ဒကာအုန်းတို့ မှတ်ကြစမ်းပါ . . . (မှန်ပါ့ဘုရား) အလွန်စိုးရိမ်လို့ ပြောနေတာ မပြောထိုက်ဘူးလား . . . (ပြော ထိုက်ပါတယ်ဘုရား)။

www.dhammadownload.com



ဘုရားက ဆောင်ပြီးသကာလဟောတာ ကံတွေဟာ ပြုထားပေမဲ့ အလကားဖြစ်ကုန်တာပဲလို့ ယူမှာစိုးတာနဲ့ ပြုထားတဲ့ ကံများဟာ အလကားအချည်းနှီး အလဟဿမဖြစ်ကြောင်း၊ ကမ္မဿကတဉာဏ်၌ တည်ကြစေရန် မင်းတို့ပြုတဲ့ ကံတွေဟာ လူသွားရာမှာ အရိပ်ပါသလိုပဲ ကံဆိုတာ လိုက်နေ တာပဲလို့ ဆောင်ပြီးဟောလိုက်တာ. . . (မှန်ပါ့ဘုရား)။

ကံဒြပ်အထည်ဆိုတဲ့ စေတနာဟာ ပြုတဲ့နေရာမှာပဲ ချုပ်ပျောက်သွားတယ်ဆိုတာ စိတ်တခု စေတသိက်တခု သက်တမ်းက ဥပါဒ်, ဌီ, ဘင်, စတာဖြစ်တယ် ပျက်တယ် ဒါလောက်ပဲ ဒီထက်ပိုမိုရှိသေးရဲ့လား. . . (မရှိပါဘုရား) တောက်လျှောက် လိုက်နေတယ်လို့ ဆိုနိုင်ပါ့မလား . . . (မဆို နိုင်ပါဘုရား) ဒီလို ဆိုလိုက်လို့ရှိယင်လဲ သဿတဒိဋ္ဌိဘက် ပြေး မပြေး (ပြေးပါတယ်ဘုရား)။

အဲဒါဟာ ဒိဋ္ဌိကိုခွာရာလဲရောက်ရော၊ အယူမှန်ကိုလဲ ရောက်စေတော့ဆိုတဲ့ သဘောနဲ့ ဒီဥစ္စာကို စချီ၍ပြောလာတာ၊ ဝတ္ထုထုတ်လာလိမ့်မယ်နော်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဘုရားက လူသွားရာ အရိပ် ပါသကဲ့သို့ ကံက နောက်က လိုက်နေတယ်လို့ ဟောတော်မူ တာသည်၊ ဆောင်ဟောထားတဲ့ နေယျတ္ထ ဒေသနာတော်နော် (မှန်ပါ့) ခင်ဗျားတို့ကယူတော့ ဘယ်လိုယူသတုန်း. . . (တိုက် ရိုက်ယူနေကြပါတယ်) တိုက်ရိုက် ယူပစ်လိုက်တဲ့အတွက် ဘုရား ကို စွပ်စွဲရာမရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါကြောင့်အခုဘုန်းကြီးပြောတဲ့အတိုင်းသာ မှတ်ကြပေတော့၊ ပြုခဲ့တဲ့နေရာမှာပဲ ဒီကံတွေဖြစ်လဲဖြစ်ပါတယ်၊ ချုပ်လဲချုပ်ပါတယ်၊ ခင်ဗျားတို့ နောက်ကတော့ မလိုက်ပါဘူး. . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကံဟာလိုက်နေတယ်ယူလိုက်လို့ရှိယင် ကံဟာ နိစ္စဖြစ်သွားလိမ့်မယ်၊ နိစ္စဖြစ်တော့ သဿတဒိဋ္ဌိခိုင်တယ် မြဲတယ်ယူတဲ့ ဒိဋ္ဌိဘက်မသွားပေဘူးလား . . . (သွားပါတယ်) ဝိပဿနာလုပ်ငန်း ထိထိရောက်ရောက် မြင်ဖို့အရေးမှာ အလွန်မစိုးရိမ်ရဘူးလား. . . (စိုးရိမ်ရပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပြီး နားထောင်ကြပါ၊ အခုနည်းနည်းတော့ ကွဲသွားပြီနော်. . . (မှန်ပ့ါ) ဒါဖြင့် လူသွားရာ အရိပ်ပါသကဲ့သို့လည်းကောင်း၊ ကံအမိ ကံအဖက စောင့်ရှောက်ပြီးလဲယင်ထူတော့မည့်ပုံဖြစ်နေတော့ဒီလိုနောက်က လိုက်နေတယ်ဆိုတဲ့ အဓိပ္ပါယ် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူရတာက ကံကို အဟောသိကံဖြစ်တယ်လို့ ယူမှာစိုးလို့ ကမ္မဿကတဉာဏ်၌ တည်စေဖို့ဟောတာ. . . (မှန်ပ့ါဘုရား)။

ကမ္မဿကတ ဉာဏ်ကလေးလောက်တောင်မှ မလုပ်မည့် ပုဂ္ဂိုလ် မတည်မည့်ပုဂ္ဂိုလ်ကို ကမ္မဿကတဉာဏ်၌ တည်အောင် ယုံကြည်အောင်ဆိုပြီးသကာလ ထင်ရှားသည်ထက်ထင်ရှားအောင် ဆောင်ပြီးသကာလ ဟောပါတယ်၊ တိုက်ရိုက်မယူလိုက်ပါနဲ့၊ နိတတ္ထဒေသနာတော်မျိုး မဟုတ်ပါဘူး. . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဆောင်ဟောတာကို (တိုက်ရိုက်မယူလိုက်ပါနဲ့ပါဘုရား) တိုက်ရိုက်ယူလိုက်လို့ရှိယင် တကာတကာမတို့ ဒိဋ္ဌိဘက်ပြေး သွားမယ်. . . (မှန်ပါ)နည်းနည်း သဘောပါလာပြီနော် (မှန်ပါ)။

ဒီဥစ္စာ ဒကာသစ်တို့ ဒကာကြွယ်တို့ ဦးဘအုန်းတို့ ဒီလို ပြောပေးရမည့်ပုဂ္ဂိုလ်မှာ လွယ်တယ်လို့ များအောက်မေ့မနေနဲ့ (မှန်ပါ) မလွယ်ဘူး . . . မလွယ်ဘူး၊ မလွယ်တာက မိဖရိုးရာ အစွဲကြီးက အတော်ခိုင်မြဲနေတာ၊ အစွဲအလမ်းနာနေတယ် (မှန်ပါ) မနာဘူးလား . . . (နာပါတယ်ဘုရား)။

ကံက နောက်က လိုက်နေတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ တခါတည်းစွဲထားကြတော့ သေသေချာချာစစ်ကြည့်တော ကံဆိုတာ နာမ်ဓမ္မကလိုက်နိုင်ရဲ့လား (မလိုက်နိုင်ပါဘုရား) ဘယ်လိုက်နိုင်လိမ့်မတုန်း၊ သူသည်ကားလို့ဆိုယင် "သဗ္ဗေ သင်္ခါရာ အနိစ္စ" ထဲကပဲ၊ နာမ်ဓမ္မပဲမဟုတ်လား. . . (မှန်ပါ) နာမ်ဓမ္မဆိုယင် ဘယ်တရားထဲ သွင်းကြမလဲ . . . (အနိစ္စထဲ သွင်းရပါမယ်ဘုရား)။

အနိစ္စထဲသွင်းရမယ်ဆိုတော့ အနိစ္စရောက်ပြီးတဲ့ တရားက နောက်ကနေပြီး လိုက်နေဦးမယ် ဆိုတဲ့ဥစ္စာ၊ ဒကာကြွယ်ပဲ စဉ်းစားပါတော့ ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင် ပါဘုရား)။

အဲဒါတွေ စဉ်းစားလိုက်တော့မှ ဩော်. . . ရှင်းလင်း ပေးမည့် ဆရာသမားများမတွေ့ပဲနဲ့ အဘိဏ္ဍာသုတ်တော်လာတဲ့

www.dhammadownload.com



အတိုင်း "ကမ္မဇန္တု ကမ္မပဋိသရဏာ ဆိုတဲ့အတိုင်း ဆောင်ဟောထားတဲ့ နေယျတ္ထဒေသနာတော်ကို ဒို့က တကယ် လိုက်တယ်လို့ ယူလိုက်လို့ရှိယင် ဒို့မှာဖြင့် သုသတဝိဋ္ဌိဘက် ပြေးပါပေါ့လား ဆိုတာမှတ်ရတော့မယ် (မှန်ပါ့) မမှတ်ထိုက်ဘူးလား (မှတ်ထိုက်ပါတယ်ဘုရား)။

ကြပ်ကြပ် စဉ်းစားပြီး နားထောင်ပါ တကာတကာမတွေ ဒါကိုယူတတ်ဖို့ မခက်လို့ရှိယင် ဘုန်းကြီးထပ်ပြန်တလဲလဲ ဖြေရှင်းမှုနဲ့ ထပ်ပြန်တလဲလဲ တောင်းပန်မှုဟာ မလာပါဘူး (မလာပါဘုရား) အခုဟာက အစွဲအလန်း နာလွန်းလို့ ဒကာကြွယ် ထပ်ပြန်တလဲလဲပြောနေရတာ. . . (မှန်ပါ့) အစွဲမနာဘူးလား. . . (နာပါတယ်ဘုရား)။

အစွဲ အင်မတန်နာနေပြီးတော့ မှားတာကလဲ လွန်တယ်. . . (မှန်ပါ့) မလွန်ဘူးလား . . . (လွန်ပါတယ်) လူသွားရာအ ရိပ်ပါသလို နောက်ကလိုက်နေတယ်၊ မဆိုကြဘူးလား. . . (ဆိုပါတယ်) ထင်ကော မထင်ကြဘူးလား. . . (ထင်ပါတယ်ဘုရား)။

ကံဟာ အနိစ္စတရားပဲ၊ ဖြစ်ပြီး ပျက်သွားတာလဲ . . . (မှန်ပါ့) အနိစ္စတရားကြီးဟာ နိစ္စဖြစ်ပြီး ထပြီးလိုက်နေတယ်ဆိုလို့ရှိယင် ဘယ့်နှယ်လုပ်ကြမလဲ. . . (လွဲပါတယ် ဘုရား) အင်မတန် အမှားတော်ပုံကြီး မကြီးဘူးလား . . (ကြီးပါတယ်ဘုရား)။

အဲဒါကို တော်တော့ဆရာပြင်ပေးဖို့ရာ လွယ်မှမလွယ်ပဲ

www.dhammadownload.com



(မှန်ပါ့) မလွယ်တော့ အခုပြင်တော့မပေးသေးဘူး၊ အမှားကို ခင်ဗျားတို့စိတ်ထဲ ရှင်းအောင်လို့ ဖြေရှင်းမှုကလေးထုတ်တုန်းပဲ ရှိသေးတယ်. . . (မှန်ပါ့) ပြင်မပေးရသေးပါဘူး. . . (မှန်ပါ့)။

ဩော်. . . ဒါဖြင့် ဒို့ရှုနေတဲ့ အနိစ္စနဲ့ဖြင့် ကန့်လန့်တော့ ဖြစ်နေပြီဆိုတာ ခင်ဗျားတို့သဘောကျသွားပြီ. . . (ကျပါပြီဘုရား) ခင်ဗျားတို့ ရှုနေတာနဲ့တော့ ဘယ့်နှယ်ဖြစ်နေသတုန်း (ကန့်လန့်ဖြစ်နေပါတယ်ဘုရား)။

ကန့်လန့်ဖြစ်နေတယ်၊ သင်္ခါရတရားမှန်က အလုံးစုံပင် အနိစ္စကိုးဗျ . . . (မှန်ပါ့) ဒီကံကျမှ တခါတည်း ခင်ဗျားတို့ ကျုပ်တို့က နိစ္စဆိုပြီး နောက်ကလိုက်နေတယ်ယူတော့ ဘယ့်နှယ်ဆိုကြမလဲ (လွဲပါတယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဘုန်းကြီး အကိုး အကားကလေးနဲ့ လုံလောက်အောင်ပြောလိုက်တော့ ခုနင်ကလဲ အကိုးအကားတချက်တော့ ထုတ်လိုက်ပါတယ်. . . (မှန်ပါ့) ဘယ်လို ထုတ်လိုက်သတုန်းလို့ မေးတော့ ဆောင်ယူရမည့် ဒေသနာကို ခင်ဗျားတို့ တိုက်ရိုက်ယူလိုက်လို့ မှားနေကြတာ (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ခင်ဗျားတို့ ကံ၏အကျိုးကိုယုံကြည်အောင် ထင်ရှား အောင် ဥပမာဆောင်ဟောလိုက်တာကို ခင်ဗျားတို့တကယ်ကိုပဲ

www.dhammadownload.com



ကံကနောက်ကနေပြီး လိုက်နေတယ်လို့ ယူလိုက်တော့ လွဲမသွားဘူးလား. . . (လွဲသွားပါတယ်ဘုရား)။

အဲဒီတော့ ကမ္မဿကတ ဉာဏ်ဖြစ်စေဖို့ ယုံကြည်အောင် ဆောင်ဟောထားတာကို ခင်ဗျားတို့က တကယ့်ကို လိုက်နေတယ်လို့ တိုက်ရိုက်ယူလိုက်တဲ့အတွက် ခင်ဗျားတို့မှာ ကမ္မဝါဒီကမ္မဿကတဉာဏ်တော့ တည်ပါရဲ့၊ သဿတဒိဋ္ဌိဘက် သွားပြီးစူးဝင်သွားတယ်၊ ကမ္မဝါဒီ သဿတဒိဋ္ဌိသွားပြီး ဖြစ်တယ်. . . (မှန်ပါ့) ဘယ်လိုဖြစ်သွားပါလိမ့်. . . (ကမ္မဝါဒီ သဿတဒိဋ္ဌိသွားဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီကံချုပ်သွားပြီဘုရား နောက်ကလဲ မလိုက်တော့ဘူး လူသေကောင် နောက်ကမလိုက်တော့ဘူး ဆိုလို့ရှိယင် တပည့်တော်တို့ ဘယ်လိုများ ယူရမှာတုန်းလို့ ဒကာသစ်တို့ ဒကာကြွယ်တို့ ဒကာအုန်းတို့က မေးဖို့ အခွင့်ကြုံလာပါတယ်. . . (မှန်ပါ့) မကြုံသေးဘူးလား . . . (ကြုံပါတယ်ဘုရား) ကြုံနေတော့ အဖြေပေးပါမယ် တကာတကာမတို့ သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)။

အဖြေပေးပါ့မယ် ဆိုတဲ့ဥစ္စာက ဥပမာမယ် ဒီကနေပြီး သကာလ ဒါနကံကလေးတခု လုပ်လိုက်တယ်၊ စေတနာကံကလေးတခု လုပ်လိုက်တယ်၊ ဖြတ်ဆို ချုပ်သွားတာပဲ၊ ကံပြုပြီး ချုပ်သွားတာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

www.dhammadownload.com



အဲဒီတော့ ကံဟာကံပြုပြီး ချုပ်သွားပြီးတော့ ခင်ဗျားတို့က လူ့ဘဝရအောင် လုပ်ထားခဲ့တော့ ဟိုဘဝတွေမှာ လူရုပ်လူနာမ်ကလေး မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် လူရုပ်လူနာမ်ကလေးတော့ ပေါ်လာတယ် ကံကတော့ချုပ်သွားတာအမှန်ပဲဆိုတော့ ဒီမှာ လုပ်တုန်းကလဲ နာမ်ရုပ်နဲ့လုပ်လို့ အကျိုးတရားမှာလဲ နာမ်ရုပ် ပေါ်တယ် (မှန်ပါ့) အလားတူ နာမ်ရုပ်ပေါ်တယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကောင်းပြီ နာမ်ရုပ်က အကြောင်းတခု လုပ်လိုက်တဲ့အတွက် အလားတူ နာမ်ရုပ်တခုပေါ်တယ် . . . (မှန်ပါ့) ကံကလိုက်တာဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘုရား) လိုက်ယင်ဘာဒိဋ္ဌိလို့ ဆိုကြမလဲ . . . (သဿတဒိဋ္ဌိပါဘုရား)။

ဒါဖြင့် အလားတူ ပေါ်တယ်ဆိုတော့ အလားတူဆိုတာ ဒီကဟာ မဟုတ်ဘူးဆိုတော့ ရှင်းမသွားဘူးလား . . . (ရှင်းပါတယ်ဘုရား) ဒီလိုသဘောကျအောင်ယူပါ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်လို ယူရမယ် . . . (အလားတူ နာမ်ရုပ် ပေါ်ပါတယ်ဘုရား) အလားတူဆိုတာ ဒီကံတွေ လုပ်တုန်းကလဲ နာမ်ရုပ်နဲ့လုပ်ကြတာပဲ၊ သဘောကျပလား . . . (ကျပါပြီ) ဟိုမှာ အကျိုးပေါ်လာတာလဲ ဘာပေါ်လာသလဲ . . . (နာမ်ရုပ်ပေါ်လာပါတယ်ဘုရား)။

www.dhammadownload.com



နာမ်ရုပ်ပေါ်လာတော့ အဲဒီဘဝမှာ ပေါ်တဲ့ နာမ်ရုပ် အသစ်ပဲမဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)အကြောင်း အကျိုးကောမဆက်ဘူးလား . . . (ဆက်ပါတယ်). ဒီက နာမ်ရုပ်က အကြောင်းကြောင့် ဟိုက ရုပ်နာမ်အကျိုး ပေါ်တယ် . . . (မှန်ပါ့ဘုရား)။

ပေါ်တော့ပေါ်တယ်၊ ဘယ်လိုပေါ်သတုန်း၊ ဒီက နာမ် ရုပ်လိုက်သလားလို့မေးတော့ . . . (မဟုတ်ပါဘုရား) ဒီက နာမ်ရုပ်ကလဲ မလိုက်ဘူး၊ ဟိုမှာလဲ နာမ်ရုပ်တခု အသစ်ထပ်မံ ပြီး ပေါ်တယ်၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ဒီနာမ်ရုပ်ချုပ် နောက်နာမ်ရုပ်ပေါ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီတော့ ပဋ္ဌာန်းပါဠိတော် အနန္တရပစ္စယ နိဒ္ဒေသမှာ ခင်ဗျားတို့ သွားကြည့်လိုက်တော့ ပိုပြီးရှင်းတယ် . . . (မှန်ပါ့) "အနန္တရနိရုဒ္ဓါစိတ္တစေတသိကာဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိ ကာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော"တဲ့ . . . (မှန်ပါ့)၊ အနန္တရနိရုဒ္ဓါ၊ အယင်ဖြစ်နှင့်ပြီး၍ ချုပ်ကုန်သော၊ အယင်လဲ ဖြစ်တယ်တဲ့၊ ချုပ်လဲ ချုပ်သွားတယ်တဲ့ . . . (မှန်ပါ့) ခင်ဗျားတို့ ပြုတဲ့ကုသိုလ်စေတနာတွေဟာ အယင်လဲမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) ချုပ်ကော . . . (ချုပ်ပါတယ်ဘုရား)။

ပစ္စုပ္ပန္နာနံ၊ မိမိတို့ အတူလိုက်၍ ဖြစ်ကုန်သောတဲ့ နောက်ပေါ်တယ်ဆိုတာ အတူလာပြီးပေါ်တာတဲ့ . . . (မှန်ပါ့)

www.dhammadownload.com



သဘောကျပလား . . . (ကျပါပြီ) ဟိုဘဝမှာ ပေါ်တယ်ဆိုတာမျိုးက အတူလိုက်ပြီး ပေါ်တာကိုဆိုတာ၊ အတူပေါ်တာ၊ အလားတူ ပေါ်တာကို ဆိုတာပါတဲ့. . . (မှန်ပါ့ဘုရား)။

ရှေ့စိတ်က လိုက်လာတာကို ဆိုတာမဟုတ်ပါဘူး၊ နောက်ဘဝမှာ အသစ်ထပ်မံပြီးတော့ ရုပ်နဲ့နာမ် ဖြစ်ကြတာပါ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဒါက ပဋ္ဌာန်းပါဠိတော်ကြီးနဲ့ စပ်ယှဉ်ပြီးပြောတာ. . . (မှန်ပါ့)။

ဒါဖြင့် ဒီမှာလဲ ဒီလိုအဓိပ္ပါယ်ပေါ်အောင် နည်းမှီပြီးယူပေါ့၊ နိရုဒ္ဓါသဒ္ဒါပါနေတော့ အနန္တရနိရုဒ္ဓါ ပြုခဲ့စဉ်ကချုပ်ပြီးကုန်သော စိတ္တစေတသိကာဓမ္မာစိတ်၊ စေတသိတ်တရားတို့သည် ပစ္ဆုပ္ပန္နာနံ အလားတူ ထပ်မံပေါ်ပေါက်ကြကုန်သော၊ စိတ္တစေတသိကာနံ ဓမ္မာနံ၊ စိတ်စေတသိတ်တရားတို့အား။ အနန္တရပစ္စယေန၊ အနန္တရပစ္စည်းဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ အဲဒီကဲ့သို့ ဟောထားတဲ့ နေရာမှာ ရှေ့စိတ်တွေဟာ ချုပ်ပါတယ်လို့ ဟောထားတာ (မှန်ပါ့) သဘောပါကြပလား. . . (ပါ-ပါပြီဘုရား)။

ဒီမှာတော့ နာနာက္ခဏိက ကမ္မပစ္စည်းအရာ ဖြစ်လေတော့ ရှေ့ဘဝကပြုခဲ့စဉ်က ကံစေတနာတွေဟာ ချုပ်ခဲ့ပြီ၊ သူ၏အကျိုးအတွက် နောက်ဘဝမှာ ရုပ်သစ်၊ နာမ်သစ် ထပ်ပေါ်တယ်လို့ ယူကြပါ. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

www.dhammadownload.com



ကဲ. . . ဒကာသစ် ချုပ်မချုပ်. . . (ချုပ်ပါတယ်ဘုရား) ချုပ်ပြီးတော့ ဟိုဘက်မှာ အလားတူ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) အလားတူပေါ်တယ်ဆိုတော့ နောက်ကလိုက်နေတယ်ဆိုတဲ့သဘော ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲ. . . အကြောင်းနဲ့အကျိုးတော့ အစပ်သား၊ လိုက်တော့ မလိုက်ဘူး. . . (မှန်ပါ့) လိုက်ယင် ဘာဒိဋ္ဌိ ဖြစ်သွားမလဲ. . . (သဿတဒိဋ္ဌိဖြစ်သွားပါတယ်) ဒကာကြွယ် ဒါဟာ အယူအဆမလွယ်ပါလား. . . (မလွယ်ပါဘုရား) ဉာဏ်ပါပလား. . . (ပါ-ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် တကာတကာမတို့ ဒီလိုဆိုလို့ရှိယင်ဖြင့် တပည့်တော်တို့ဖြင့်ဘုရား ရှင်းသွားပါပေါ့လို့ ဒကာကြွယ်တို့ ဒကာသစ်တို့ ဦးဘအုန်းတို့ ခေါင်းဆောင်တွေ တာဝန်ခံနိုင်ကြပလား. . . (ခံနိုင်ပါပြီဘုရား)။

အဲဒီက အကြောင်းတရားကလဲ ဘာတုန်းဖြစ်လဲဖြစ်တယ်၊ ချုပ်လဲ ချုပ်တယ်. . . (မှန်ပါ့) ဒီအကြောင်းတရား ချုပ်ပြီးသကာလ ဟိုဘက်မှာ ဘာပေါ်သတုန်းဆိုတော့၊ ဒီအကြောင်းတရားကြောင့် ဒီအကြောင်းတရားနဲ့ အလားတူစိတ် စေတသိတ်အကျိုးတရား ထပ်မပေါ်ဘူးလား. . . (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ဒီအကြောင်းကံစေတနာဆိုတဲ့ အထည်ဒြပ်ကြီးက လိုက်လို့ ပေါ်လာတာလားဆိုတော့ မလိုက်ဘူး. . . (မှန်ပါ့)

www.dhammadownload.com



အကြောင်းတရားက ဒီနေရာမှာပဲ ဖြစ်ပြီး ချုပ်သွားတာပဲ. . . (မှန်ပါ့ဘုရား)။

အကြောင်းတရားမကင်းလို့ အလားတူ (အကျိုးတရားသာ ပေါ်ပါတယ်ဘုရား) ဒီလိုယူလိုက်တော့ လူသွားရာ အရိပ်ပါသလိုဆိုတဲ့ ဒိဋ္ဌိမျိုးဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘုရား) နွားသွားရာနောက် လှည်းဘီးပါသလိုကော. . . (မဖြစ်ပါဘုရား)။

မဖြစ်တော့ဘူးဆိုတော့ အကျိုးမပေးတော့ဘူးလို့လဲ မဟောဘူး၊ အကျိုးလဲပေးပါတယ်. . . (မှန်ပါ့) လိုက်တယ်လို့ မဟောဘူး. . . (မှန်ပါ့) ဒီလိုယူမှ အယူတည့်မတ်သွားတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား) ဒါဟာ တော်တော်အရေးကြီးတယ်. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်၊ ဒါကိုမမြင်ပဲ သေသွားတဲ့ပုဂ္ဂိုလ်များကျတော့ ဒိဋ္ဌိနဲ့ သေသွားလေရဲ့ဆိုယင်. . . (မလွဲပါဘုရား) ဘာဒိဋ္ဌိပါလိမ့်. . . (သဿတဒိဋ္ဌိပါဘုရား) သဿတဒိဋ္ဌိ ပါမသွားဘူးလား. . . (ပါသွားပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအဓိပ္ပါယ်ကို ရှေ့ပိုင်းက ရှင်းပေးသဖြင့် တကာတကာမတွေမှာ အခု တရားနာတဲ့စေတနာကံတွေ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ် ဘုရား) ရှေ့တလုံး တိုးလိုက်ယင်ပဲ အယင်တရားနာတဲ့ စေတနာကံတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ရှေ့တလုံးတိုးလိုက်ယင်လဲအရင်တရားနာတဲ့ စေတနာ

www.dhammadownload.com



ကံဟာ နောက်စေတနာကံပေါ်လာတော့ အရင်ဖြစ်တဲ့စေတနာကံရှိသေးရဲ့လား. . . (မရှိပါဘုရား) သူက ဘယ့်နှယ် လုပ်ပြီးလိုက်မတုန်း . . . ချုပ်သွားပေါ့ပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့်အကျိုးမပေးတော့ဘူးလား ဆိုတော့ တရားနာတဲ့နာမ်ရုပ်စေတနာကြောင့် ဥပမာမယ်နိဗ္ဗာန်ရအောင်အားထုတ်ကြမယ်ဆိုလို့ရှိယင်ဖြင့် ဟိုမှာမဂ်ဉာဏ်ကလေး တခုတော့ ပေါ်ဦးမှာပဲ. . . (မှန်ပါ့) ဒီနာမ်ရုပ်က လိုက်သလားလို့ မေးပြန်တော့ (မလိုက်ပါဘုရား)။

ဒီကနာမ်ရုပ်ကလဲမလိုက်ဘူး၊ ဟိုမှာ ဒီနာမ်နဲ့ အလားတူပေါ်တာ. . . (မှန်ပါ့) အဲဒါတွေ ထောက်ကြည့်လိုက်တော့မှ ဩော်. . . မလိုက်ပါလား၊ အလားတူ ပေါ်မှုကို ဟောတာပါလားဆိုတော့ ကိုက်မနေဘူးလား. . . (ကိုက်နေပါတယ်ဘုရား)။

အဲဒီကဲ့သို့ယူလိုက်တော့လဲတကာတကာမတို့ နေယျတ္တဒေသနာတော်ကို ဆောင်ပြီးယူလိုက်တော့ တည့်မတ်သွားတယ် (မှန်ပါ့) ဒကာသစ်တို့ ဦးဘအုန်းတို့ ယူတတ်ကြပလား . . . (ယူတတ်ပါပြီဘုရား) ဒီကပြုတဲ့ နာမ်ရုပ်ဟာ ဒီနေရာတွင်ချုပ်၊ နိဗ္ဗာန်မရောက်သေးလို့ရှိယင် နာမ်ရုပ်အသစ်တော့ (ပေါ်ရမှာပါဘုရား)။

ပေါ်တဲ့အခါကျလို့ရှိယင်ဖြင့် ဒီကလိုက်လို့ ပေါ်တာလား၊ အလားတူပေါ်တာလား. . . (အလားတူ ပေါ်တာပါ

www.dhammadownload.com



ဘုရား) အလားတူဆိုတော့ ဒီအကြောင်းလဲ ကင်းပါရဲ့လား (မကင်းပါဘုရား) ဒီက နာမ်ရုပ်ကကော လိုက်သေးသလား (နာမ်ရုပ်ကတော့ မလိုက်ပါဘုရား)။

ဒါဖြင့် လိုက်လဲမလိုက် အကြောင်းလဲမကင်း အလားတူ ထပ်ပေါ်တာကို အနန္တရပစ္စည်း နာနာက္ခဏိက ကမ္မပစ္စည်းမျိုး ဟောထားသဖြင့် တကာတကာမတို့ ကျေကျေ နပ်နပ်နဲ့ပဲ သဿတဒိဋ္ဌိပြုတ်ပါပေါ့ (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) ဘာပြုတ်သွားသတုန်း. . . (သဿတ ဒိဋ္ဌိ ပြုတ်သွားပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့အဘိဓာ သုတ်တော်မှာလဲဟော တယ် ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိ သရဏော၊ ယံကမ္မံကရိဿန္တိ ကလျာဏံဝါ ပါပကံဝါ (တဿ ဒါယာဒေါဘဝိဿာမိ) ဆိုတဲ့အတိုင်း, ကံအမိ ကံအဖ ဆိုတာ ခင်ဗျားတို့က နောက်ကနေပြီး ကံကတခါတည်း တပါ တည်း လိုက်နေပြီး မလဲမကွဲရအောင် စောင့်ရှောက်နေတဲ့ သဘောမျိုး နတ်မ, တယ်ယုံကြည်နေကြသလိုပေါ့ဗျာ။ နတ်အမြဲ လိုက်ပြီး မ, နေတယ်ထင်သလို ဒကာအုန်း ကံကလဲ ထပ်ချပ် မကွာ လိုက်နေတယ်လို့ ထင်နေကြတယ်. . း (မှန်ပါ့) အဲ့ဒီလို ထင်ယင် မလွဲပေဘူးလား. . . (လွဲပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် တကာတကာမတို့ အခု ကျေကျေ နပ်နပ် သဘောကျပလား. . . (ကျပါပြီ) ဒီက အကြောင်းလုပ်

www.dhammadownload.com



ထားတဲ့ စေတနာကံဟာ အဟောသိကံအကျိုးမပေးပဲ၊ အလကားဖြစ်ပါသလား. . . (အလားတူ ပေါ်အောင် အကျိုးပေးပါတယ်ဘုရား) ကံကနောက်ကတောက်လျှောက်ကော လိုက်နေသလား (မလိုက်ပါဘုရား) ကံပြုတဲ့နေရာမှာ ချုပ်တယ် (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ကံပြုတ်တဲ့နေရာမှာ ချုပ်ပါတယ်ဘုရား) ပြုတဲ့နေရာမှာပဲ ချုပ်တယ်၊ လိုက်တော့ မလိုက်တော့ဘူးဆိုတာ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား) အဲဒါ သဘောကျထားတော့မှ သူနဲ့ပတ်သက်တဲ့ဝတ္ထုကို ထုတ်ကြပေတော့. . . (မှန်ပါ့) သူနဲ့ပတ်သက်တဲ့ဝတ္ထုကို ထုတ်တော့မယ် ဒကာကြွယ်. . . (မှန်ပါ့ဘုရား)။

သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တရားဟောနေတော့ ရဟန်းတပါးက လာပြီးတရားနာတယ်၊ တရားပွဲမှာ သူကသက်န်းကလေး လက်ကတော့ထိုးပြီးသကာလ အရှင်ဘုရား. . . တပည့်တော် ပုစ္ဆာကလေး တခုလျှောက်ပါရစေဘုရားလို့ လျှောက်တယ်၊ ခန္ဓဝဂ္ဂ သံယုတ်မှာ ဒီအကြောင်း ဝတ္ထုထုတ်လာတယ်နော်. . . (မှန်ပါ့)။

သူမေးတာကလေး ရှေးဦးစွာ ရှေ့ပိုင်းမှာနည်းနည်း ကလေးတော့ ပြောပါ့မယ်၊ နောက်အဓိပ္ပါယ်ကတော့ နောက်ဆုံးပိတ်မှ လာပါမယ်နော်. . . (မှန်ပါ့ဘုရား)။

အရှင်ဘုရား တပည့်တော် ပုစ္ဆာကလေးတခု မေးပရ

www.dhammadownload.com



စေဆိုပြီးတော့ အေး. . . မေးတာပေါ့ကွာ၊ သို့သော်လဲ မင်း နေရာမှာ မင်းထိုင်ပြီး မေးလို့ဆိုပြီး ဘုရားက သူ့နေရာမှာ သူ့ ကို ပြန်ထိုင်ခိုင်းပြီး မေးလျှောက်စေတယ်. . . (မှန်ပါ့ဘုရား)။

ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ တပည့်တော်အား အမိန့် ရှိတော်မူပါဘုရားဆိုတော့ ဘုရားက မင်းတို့အခုတရားနာနေတဲ့ ခန္ဓာငါးပါးဟာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရ က္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ဥစ္စာ ဥပါဒါနက္ခန္ဓာပဲလို့ဟောလိုက် ပါတယ်. . . (မှန်ပါ့) ဒါတော့ သိပြီးသားထားကြပါတော့ (မှန်ပါ့ဘုရား)။

တကာတကာမတွေရဲ့ ခန္ဓာငါးပါးဟာ ဘာခန္ဓာတုန်း (ဥပါဒါနက္ခန္ဓာပါဘုရား) ဥပါဒါနက္ခခန္ဓာဆိုတာ ဥပါဒါန်၏ အာရုံဖြစ်တဲ့ခန္ဓာ. . . (မှန်ပါ့) ဥပါဒါန်ဆိုတာ စွဲလန်းတာ ကိုယ့်ခန္ဓာကလေးကိုယ်စွဲလန်းတယ်၊ မစွဲလန်းဘူးလား . . . (စွဲလန်းပါတယ်ဘုရား)။

စွဲလန်းတယ် စွဲလန်းတယ်ဆိုတာ သိအောင် ပြောပါ့ မယ်၊ မနေ့ကပဲ ပြောခဲ့ပါသေးတယ်၊ အဟံအဝေရောဟောမိ၊ ငါခန္ဓာကိုယ်သည် ဘေးအတန်တန် ရန်အထပ်ထပ်မှ ကင်းလွတ်ရပါလို၏. . . လို့ မလာဘူးလား. . . (လာပါတယ်) ဘယ်သူက စွဲတာတုန်း (ကိုယ့်ခန္ဓာကိုယ်ကို စွဲလန်းပါတယ်) ကိုယ့်ခန္ဓာကိုယ် ခင်မင်လွန်းလို့၊ စွဲလန်းလွန်းလို့၊ သဘောကျ ပလား. . . (ကျပါ ပြီဘုရား)။

www.dhammadownload.com



ဩော်. . . ရောက်ရာဘဝမှာဖြင့် ဒီခန္ဓာကြီး ဆင်းရဲနဲ့ အမွဲဖြင့်ကင်းပါရစေ၊ အင်း. . . ဘယ်သူကိုစွဲတာပါလိမ့်. . . (ကိုယ့်ခန္ဓာကိုယ်စွဲတာပါဘုရား) ဒါ့ကြောင့် ဒီခန္ဓာငါးပါးကို စွဲလန်းတဲ့ ခန္ဓာဖြစ်လေသောကြောင့် ပါဠိလိုသုံးတော့ ဥပါဒါန က္ခန္ဓာလို့ မှတ်ထားကြပါ. . . (မှန်ပါ့) သဘောကျပြီနော်. . . (ကျပါပြီဘုရား)။

ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာဆိုတော့ ခင်ဗျားတို့က တခြားမှတ်နေဦးမယ်၊ ကိုယ့်ခန္ဓာငါးပါးကြီးကို ကိုယ့်တဏှာက ခင်မင်နေသောကြောင့် သူ့ကို ဘာခန္ဓာခေါ်ကြမယ် (ဥပါဒါ နက္ခန္ဓာပါဘုရား) စွဲလန်းနေတဲ့ခန္ဓာပေါ့ဗျာ. . . (မှန်ပါ့)။

မစွဲလန်းတယ်၊ စွဲလန်းတယ်ကို အခုအားလုံး တကာ ဝကာမတွေပဲ ဘုန်းကြီးအမေးထုတ်လိုက်ပါတယ်၊ ဒီခန္ဓာကြီး နေမကောင်းမှာများ အင်မတန်စိုးရိမ်နေကြတယ်၊ ဘာဖြစ်လို့ တုန်း၊ စွဲလမ်းလွန်းလို့. . . (မှန်ပါ့) ခင်လို့ပေါ့ဗျာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကြီးကို ခလုတ်ထိဆူးညိမှာကော. . . (စိုးရိမ် ပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်ပါလိမ့်. . . (ခင်လွန်းလို့ပါ ဘုရား) ခင်လွန်း စွဲလန်းလွန်းလို့ . . . (မှန်ပါ့) ဒါဖြင့် ဒီခန္ဓာကြီး ကို နာမည်ပေးကြယင် ဘယ့်နှယ်ပေးကြမလဲ. . . (ဥပါဒါန က္ခန္ဓာပါဘုရား) စွဲလမ်းသော ခန္ဓာပေါ့. . . (မှန်ပါ့)။

ဒကာကြွယ်တို့ ညောင်းတယ် ဘာတယ်ဆိုလို့ရှိယင်

www.dhammadownload.com



အနှိပ်သည်ကလေးများ ခေါ်ပြီး အနှိပ်ခံကြသေးသလား မေးလိုက်တယ် (ခံပါတယ်ဘုရား) ခံရတယ်နော်၊ ဘယ့်နှယ်ကြောင့်တုန်း မေးတဲ့အခါကျတော့ သူ့ကိုခင်လွန်းလို့ သူမညောင်းပါစေနဲ့၊ သူမနာပါစေနဲ့ သူမဖောက်ပြန်ပါစေနဲ့လို့ စွဲလမ်းလွန်းလို့ အနှိပ်သည်ကို ပိုက်ဆံပေးပြီးခံရတယ် (မှန်ပါ့) ဒါဖြင့် ဒီခန္ဓာကို ဘာခန္ဓာခေါ်ကြမယ်. . . (ဉပါဒါနက္ခန္ဓာပါဘုရား)။

အခု တယောက်နဲ့တယောက် ငါ့ကိုမထိနဲ့ ဘယ်လောက်များ စွဲလန်းလို့တုန်း၊ မစွဲလန်းဘူးလား (စွဲလန်းပါတယ်ဘုရား) ငါ့ကိုမျက်စောင်းမထိုးနဲ့ဆိုတာ ဒီခန္ဓာကြီးမျက်စောင်းထိုးတာကို ခံနိုင်ကြရဲ့လား. . .(မခံနိုင်ပါဘုရား)။

ဘာဖြစ်လို့တုန်းဗျ . . . (စွဲလန်းလို့ပါဘုရား) ဒါဖြင့် သူ့ကို ဘယ်လိုနာမည်ပေးကြမလဲ (ဉပါဒါနက္ခန္ဓာပါဘုရား) ရိပ်မိကြပလား. . .(ရိပ်မိပါပြီဘုရား)။

ဩော်. . .ဘုန်းကြီးတို့ တကာတကာမတွေမှာ အခု တရားနာလာကြတဲ့ရုပ်တွေ၊ တရားကောင်းတာကို ခံစားတဲ့ ဝေဒနာ၊ တရားမှတ်နေတဲ့သညာ တရားနာဖို့ရာ တိုက်တွန်းတဲ့ စေတနာ၊ တရားနာတဲ့စိတ်ဆိုတဲ့ အခုခန္ဓာငါးပါးနဲ့ တရားနာနေကြတယ် (မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးကို တကာတကာမတို့ အိုက်တယ် ဆိုလို့ ရှိယင်ဖြင့် ယပ်တောင်ကလေးနဲ့ ပူဇော်ကြပြီ၊ မဟုတ်ဘူးလား (မှန်ပါ့) နေရာကလေး ပြင်ပေးလိုက်ပြီ၊ ဒီခန္ဓာငါးပါးကြီးကို ခလုတ်မထိ ဆူးမငြိပါစေနဲ့ အန္တရာယ်ကင်းလို့ ဘေးရှင်းအောင်

www.dhammadownload.com



အမျိုးမျိုးပြပြင်ပေးကြတယ်. . . (မှန်ပါ)။

အဲ့ဒါကြောင့် သူ့ကို ဘာခန္ဓာခေါ်ကြမလဲ. . . (ဥပါဒါနက္ခန္ဓာပါဘုရား) မြန်မာလိုပြန်လိုက်တော့ ချစ်ခင်စွဲလန်းတဲ့ ခန္ဓာ. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီ) ပါဠိလိုသုံးတော့ ဥပါဒါနက္ခန္ဓာ၊ မြန်မာလိုသုံးလိုက်တော့ အလွန်ချစ်ခင်စွဲလန်းတဲ့ခန္ဓာ. . . (မှန်ပါဘုရား)။

အဲဒါကို ဥပါဒါနက္ခန္ဓာဆိုတာ ဘယ်ဟာကိုခေါ်ပါသတုန်းလို့ ခုနင်ကရဟန်းက မေးလျှောက်တဲ့အခါကျတော့ မင်းတို့ခန္ဓာငါးပါးကို ခေါ်တယ်ဆိုတော့ အဓိပ္ပါယ်မပေါ်သေးပဲဖြစ်နေသေးတယ်. . . (မှန်ပါဘုရား)။

အဲဒီတွင်မှ ရဟန်းကဆက်ပြီးတော့ အရှင်ဘုရား ဒီခန္ဓာငါးပါးကိုစွဲလန်းတဲ့ ဥပါဒါနက္ခန္ဓာဆိုတာ ကျေနပ်ပါပြီ၊ ဥပါဒါန်နဲ့ခန္ဓာဟာ အတူတူပဲလား၊ တခြားစီလားတဲ့၊ လက်ပြီး မေးတယ် (မှန်ပါဘုရား) ဥပါဒါန်က တခြားလား၊ ခန္ဓာက တခြားလားဆိုတော့ ဒီလိုမဆိုနဲ့၊ တခြားလဲမဆိုနဲ့၊ အတူတူလဲ မဆိုနဲ့တဲ့. . . (မှန်ပါ)။

ဥပါဒါန်ဆိုတာ ဝမ်းထဲမှာရှိတဲ့တဏှာကို ဆိုတာ၊ ခန္ဓာဆိုတာ ကျန်တဲ့ရုပ်ဝေဒနာ၊ သညာသင်္ခါရ ဝိညာဏ်ကိုဆိုတာ၊ တဏှာက ဒီခန္ဓာစွဲလန်းနေလို့ရှိယင်ဖြင့် ဥပါဒါနက္ခန္ဓာမဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်) ဒါဖြင့် ဥပါဒါန်ကတခြား ခန္ဓာကတခြား စွဲလန်းနေခြင်းကြောင့်၊ ဥပါဒါနက္ခန္ဓာလို့ခေါ်ပါင်းလိုက်

www.dhammadownload.com



တယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဥပါဒါန်က တဏှာနော်. . . (မှန်ပါ) ခန္ဓာက ခန္ဓာငါး ပါးကို ခေါ်တယ်နော်. . . (မှန်ပါ) ရှင်းသွားပလား. . . (ရှင်း ပါပြီဘုရား) ကောင်းပါပြီဘုရား၊ ဒီပြင်ကို တပည့်တော် လျှောက် ပရစေဆိုပြီးတော့ တကာတကာမတို့ သက္ကာယဒိဋ္ဌိကို သူ . . . လျှောက်တယ်. . . (မှန်ပါ) သက္ကာယ ဒိဋ္ဌိဆိုတာ ဘာကိုခေါ်ပါ သတုန်းဆိုတော့ ရုပ်တရားကြီးကို ငါထင်တဲ့ပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိ၊ ဝေဒနာကို ငါထင်တဲ့ပုဂ္ဂိုလ်ဟာ. . . (သက္ကာယ ဒိဋ္ဌိပါဘုရား)။

သညာကို ငါထင်တယ်. . . (သက္ကာယ ဒိဋ္ဌိပါ) သင်္ခါရ ကို ငါထင်ယင်. . . (သက္ကာယဒိဋ္ဌိပါ) စိတ်ကိုငါထင်ယင် . . . (သက္ကာယဒိဋ္ဌိပါဘုရား) ခန္ဓာငါးပါးကို တဝါးပါး ငါထင်ယင် (သက္ကာယဒိဋ္ဌိပါ) ရှင်းပြီနော်. . . (မှန်ပါဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်တာကို ဟောပါဦးလို့ ဒီရဟန်း က ဆက်မေးတယ်. . . (မှန်ပါ) သက္ကာယဒိဋ္ဌိပြုတ်တာကတော့ ရုပ်တရားကြီးကို ရုပ်တရားကြီး ရုပ်တရားပဲ၊ ငါမဟုတ်ဘူးလို့ ထင်ယင် သက္ကာယဒိဋ္ဌိပြုတ်တယ်. . . (မှန်ပါ) ဝေဒနာကို ဝေဒနာလို့ သိနေလို့ရှိယင် ငါမဟုတ်ဘူးလို့ သိနေလို့ရှိယင် ဘာတုန်း. . . (သက္ကာယဒိဋ္ဌိ ပြုတ်ပါမယ်ဘုရား)။

စေတနာကို စေတနာပဲ ငါမဟုတ်ဘူးလို့ သိနေယင် (သက္ကာယဒိဋ္ဌိပြုတ်ပါမယ်) အဲဒီခန္ဓာငါးပါးကို အသီးသီးခန္ဓာ

www.dhammadownload.com



ငါးပါးလို့ သိနေယင်၊ ခန္ဓာငါးပါးဟာ ငါမဟုတ်ဘူး၊ ခန္ဓာတွေပဲလို့ သိနေယင် သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်တာ ရှင်းပြီနော်. . . (မှန်ပါ့ဘုရား) ဒီတရားတွေအပေါ် သက္ကာယဒိဋ္ဌိမရှိတော့ကို ရုပ်တရားဟာလဲ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ပါဘူး၊ အနတ္တပါ. . . (မှန်ပါ့) ဝေဒနာကော. . . (အနတ္တပါ) သညာကော. . . (အနတ္တပါ) သင်္ခါရကော. . . (အနတ္တပါ) ဝိညာဏ်ကော (အနတ္တပါဘုရား) ဒါဖြင့် ခန္ဓာငါးပါးစလုံးဟာ ဘာပါလိမ့် (အနတ္တပါဘုရား)။

ဤကဲ့သို့ ဘုရားက သက္ကာယဒိဋ္ဌိ ဖြုတ်ပြီးသကာလ၊ ရုပ်တရားလဲ ဖြစ်ပျက်တဲ့အနတ္တ. . . (မှန်ပါ့) ဝေဒနာတရားကလဲ. . . (ဖြစ်ပျက်တဲ့ အနတ္တပါဘုရား) သညာတရားလဲ . . . (ဖြစ်ပျက်တဲ့အနတ္တပါဘုရား) သင်္ခါရဆိုတဲ့ ဝေဒနာတရားလဲ (ဖြစ်ပျက်တဲ့အနတ္တပါဘုရား) စိတ်ဆိုတဲ့တရားလဲ. . . (ဖြစ်ပျက်တဲ့ အနတ္တပါဘုရား) ဖြစ်ပြီးပျက်တာကြောင့် အနတ္တပဲ. . . (မှန်ပါ့)။

အဲဒီ အနတ္တတွေချည့် ဘုရားက ဟောနေတော့. . . ဒကာကြွယ်တို့၊ ဒကာသစ်တို့ ခုနင်ကအလွဲကပဲ ရောက်လာပြီး (မှန်ပါ့) ဒကာအုန်း သေသေချာချာသတိထားပြီး နားထောင်နော်. . . (မှန်ပါ့) ဒီလိုအနတ္တလို့ဟောတော့ ဒီအထဲမှာ ငါးရာထဲမှ ရဟန်းတပါးက ဖောက်လာတယ် ဒကာကြွယ်. . . (မှန်ပါ့)။

www.dhammadownload.com



ဩော်. . . ကြည့်စမ်းပါဦး၊ မိမိရှိတဲ့ခန္ဓာငါးပါးဟာ အကုန် အနတ္တဆိုလို့ရှိယင် ဘာကိုအားကိုးရတော့မတုန်းတဲ့၊ ဖောက်လာပြီ၊ ဖောက်လာပြီ. . . (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးဟာ အကုန်အနတ္တတွေချည့် ဘုရားက ဟောလိုက်ပြီတဲ့၊ မိမိခန္ဓာလဲ အနတ္တ၊ ဆိုင်ရာ ဆိုင်ရာတွေလဲ အနတ္တ၊ အကုန်အနတ္တတွေဖြစ်နေတော့ အနတ္တဆိုတာ ကိုးစားရာ, အားထားရာမရှိတာ အနတ္တကိုးဗျ . . . (မှန်ပါ့ဘုရား)။

ကိုးစားအားထားမခံတာကို ဘာခေါ်ကြမယ်. . . (အနတ္တပါဘုရား) ဩော်. . . အလုံးစုံ အနတ္တတွေဖြစ်ကုန်ပြီ ဆိုပြီးသကာလ ဘယ်ဟာကိုများ အားကိုးရပါ့မလဲ၊ ဖောက်လာတာဗျ၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဘုရားက ခန္ဓာငါးပါးကို အနတ္တလို့မဟောလိုက်ဘူးလား. . . (ဟောပါတယ်ဘုရား) ရဟန်းက ဘယ်လိုဖောက်လာသတုန်း. . . (ဘယ်ဟာအားကိုးရပါ့မလဲတဲ့ဘုရား) အားကိုးစရာ မရှိတော့ဘူးဆိုတော့ တကာတကာမတို့ အနတ္တ ဟောလိုက်တာနဲ့များ သူ့မှာတော့ အားကိုးပြုတ်သွားတယ်. . . (မှန်ပါ့)။

ဒါဖြင့် သူဟာနဂိုရ်တုန်းက ခန္ဓာငါးပါးကြီးအားကိုးနေတဲ့ ပုဂ္ဂိုလ်ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား) ဒီမှာ ပေါ်လာတယ်. . . (မှန်ပါ့) နဂိုရ်က သူဟာခန္ဓာငါးပါး အားကိုးနေတဲ့ ပုဂ္ဂိုလ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

www.dhammadownload.com



ဘုရားက ရုပ်လဲအနတ္တ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်လဲအနတ္တလို့ဟောလိုက်တဲ့အခါကျတော့ ရဟန်းတပါးက ဩော် . . ခန္ဓာငါးပါးရှိတာ အကုန်အနတ္တပဲ၊ ဘယ်သူမှမပိုင်၊ ဘယ်သူမှမဆိုင်ဘူး၊ အကုန်အနတ္တချည့်ပဲလို့ ဘယ်သူမှမပိုင်ဘူး၊ ဘယ်သူမှမဆိုင်ဘူး၊ အကုန်အနတ္တချည့်ပဲလို့ စွဲလိုက်သဖြင့် သူဟာသူ ရှုလိုက်တဲ့အခါ အနတ္တတွေသာရှိပြီး သကာလဘာများအားကိုးရပါ့မလဲဆိုပြီး အားကိုးရှာတယ် . . (မှန်ပါ့)။

တကာတကာမတို့ ကြပ်ကြပ်စဉ်းစားပါ၊ ခင်ဗျားတို့လဲ ဗွေဖောက်နိုင်တဲ့ နေရာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား) ခင်ဗျားတို့ကော (ဗွေဖောက်နိုင်တဲ့နေရာပါဘုရား) ဗွေဖောက်နိုင်တဲ့နေရာ၊ အလုံးစုံအကုန်အနတ္တတွေဖြစ်နေတော့ ဘယ်ဟာအားကိုးရပါမလဲဆိုတာ ခင်ဗျားတို့လဲ ဒီရဟန်းလို လာမယ်ဆိုယင်လာနိုင်တယ် . . (မှန်ပါ့) မလာနိုင်ဘူးလား . . (လာနိုင်ပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ၊ ဒီဥစ္စာ တော်တော်အရေးကြီးလို့ ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ၊ ဒကာကြွယ် ဂရုစိုက်နော် (မှန်ပါ့) ခန္ဓာငါးပါးကို ဘုရားကဘယ့်နှယ်ဟောလိုက်သတုန်း (အနတ္တလို့ ဟောပါတယ်ဘုရား)။

ဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီတရားပွဲထဲမှာဖြင့် အဝိဇ္ဇာအုပ်ချုပ်ပြီး၊ တဏှာဦးစီးပြီး ခန္ဓာကိုယ်အနတ္တဖြစ်တော့ ဘာ အားကိုးရပါမလဲဆိုတဲ့ ဥပါဒါန်သမားတယောက်ဒီထဲမှာ ပါနေပါပေ့လားတဲ့ . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဘာတယောက်ပါလာသတုန်း (ဥပါဒါန်သမား တယောက်ပါလာပါတယ်) နဂိုရှိခန္ဓာ စွဲလန်းနေတဲ့ ဥပါဒါနက္ခန္ဓာဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား) ခန္ဓာဟာ အနတ္တတရားချည့် ဆိုသဖြင့် ဘာကိုအားကိုးရပါ့မလဲ ဆိုပြီး သကာလ သူ့မှာအားကိုးရာမဲ့ဖြစ်ပြီးသကာလ သွားရတဲ့ရဟန်းတပါး ပါလာတာကို ဘုရားသိတော်မူတယ်နော်. . . (မှန်ပါ့) အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအထဲမှာဖြင့်

"အဝိဇ္ဇါ အဝိဇ္ဇာဂတော တဏှာဓိပတေယျန စေတသာ၊ ဗုဒ္ဓသာသနံ အဘိဓာဝိတဗ္ဗံမညေ"ဆိုပြီး ဟောလိုက်တယ်။

ဩော် . . ငါဘုရား ဟောဒါတွေကို ခုန်ကျော်သွားပါပေါ့လား. . . (မှန်ပါ့) ငါက အကုန်အနတ္တဟောတော့ သူ-ဘာကိုးရပါ့မလဲဆိုပြီးသကာလ အားကိုးရာရှာနေတဲ့ ရဟန်းတပါး ဖြစ်ပေါ်လာပြီဆိုပြီး ဘုရားက တရားဟောရင်း ဒီပုဂ္ဂိုလ်ကို သွားပြီးမြင်ပါတယ်. . . (မှန်ပါ့)။

အဲဒီတော့ ကိုးမိကိုးရာ ကိုးလိုက်ကြတယ်. . . (မှန်ပါ့ဘုရား) အနတ္တကတာနိ၊ ငါမဟုတ်သဖြင့် ပြုအပ်ကုန်သော။ ကမ္မာနိ၊ ကံတို့ဆိုတော့ ဒီနေရာမှာ အနတ္တမဟုတ်တာ ကံပဲကျန်တော့တယ်တဲ့. . . (မှန်ပါ့) ကံပဲ ငါ့ဥစ္စာရှိတော့တာပဲတဲ့၊ တခါတည်း ဒိဋ္ဌိဘက်ပြေးသွားတယ်. . . (မှန်ပါ့)။

ဘယ်ဘက်ပြေးသွားသတုန်း. . . (ဒိဋ္ဌိဘက်ပြေးသွား

www.dhammadownload.com



ပါတယ်ဘုရား) ကံပဲ ငါ့ဥစ္စာရှိတော့တယ်၊ ကျန်တာတွေ အကုန် အနတ္တပဲတဲ့၊ ဟော. . . ကံကို ငါ့ဥစ္စာလို့ယူထားတယ်. . . (မှန်ပါ့) သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့ကလဲ ကံကိုဘာယူထားကြသတုန်း . . . (ငါ့ဥစ္စာလို့ယူထားပါတယ်ဘုရား) "ကမ္မယောနိ ကမ္မဗန္ဓု၊ ကမ္မပဋိသရဏာကမ္မဒါယာဒါ"ဆိုပြီးတော့ ကမ္မဿကတဉာဏ်၌ တည်ဖို့လောက်ဟောတာကို ကံကိုငါ့ဥစ္စာလို့ ယူမထားကြဘူးလား. . . (ယူထားပါတယ်ဘုရား)။

ကိုင်း. . . တကာတကာမတို့ ခုနင်က ရဟန်းကလဲ ခန္ဓာငါးပါးအနတ္တတွေဖြစ်လို့ ဘာမှ အားကိုးစရာမရှိတော့တဲ့ ကံပဲ၊ ငါ့ဥစ္စာလုပ်ဖို့ရှိတော့တာပဲတဲ့. . . (မှန်ပါ့)။

အဲဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "အဝိဒ္ဒါ အဝိဇ္ဇာဂတော တဏှာဓိပတေယျေန စေတသာ"တဲ့ အဝိဒ္ဒါ၊ အသိအလိမ္မာနည်းသတဲ့။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာများသတဲ့။ တဏှာဓိပတေယျနစေတသာ၊ တဏှာကြီးမှုးသော စိတ်ဖြစ်တဲ့၊ ဗုဒ္ဓသာသာသနံ၊ ငါဘုရား၏အဆုံးအမကို။ အဘိဓာဝိတဗ္ဗံ၊ ခုန်ကျော်သွားပြီတဲ့. . . (မှန်ပါ့) ငါဘုရား၏ တရားတော်ကို လွန်သွားပြီတဲ့. . . (မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

သူဘာအားကိုးလိုက်သတုန်း . . . (ကံပဲ အားကိုးပါတယ်ဘုရား) ကံကို ခုနင်ကပြောသလို အရိပ်ပါသလို လိုက်

www.dhammadownload.com



နေတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးယူပြီး သူအားမကိုး လိုက်ဘူးလား (အားကိုးပါတယ်ဘုရား)။

အားကိုးလိုက်တော့ အဲဒါကို ဘုရားက အဝိဇ္ဇာအား ကြီးတဲ့ ပုဂ္ဂိုလ်၊ တဏှာကြီးစိုးနေလို့ အားကိုးနေတာဟောတဲ့ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သူ့မှာ အားမကိုးလို့ရှိယင်ဖြင့် ခင်ဗျားတို့ သုံးဆယ့်တဘုံ အပြင်ဘက်ရောက်သွားမှာစိုးလွန်းလို့. . . (မှန်ပါ့) အဲဒီရောက် မှာစိုးလို့ ကံကိုပဲ အားကိုးချလိုက်တယ်. . . (မှန်ပါ့) ကံပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

ဘယ်လောက်သိမ်မွေ့တဲ့ယူနည်းပဲဆိုတာ ခင်ဗျားတို့ ဒီလိုဟောပေးမည့်သူမရှိဘူးဆိုယင်ဖြင့် ဒကာသစ်တို့၊ ဒကာ ကြွယ်တို့ ဒကာအုန်းတို့ သွားပြီဗျ . . . (မှန်ပါ့) တသက်ကကိုယ် ပြင်ပေးတာနော်. . . (မှန်ပါ့) ခင်ဗျားတို့ မပြင်ဘူးပါဘူး ဒီဥစ္စာ (မှန်ပါ့ အပြင်ဘူးပါဘုရား) အတော်မခဲယဉ်းဘူးလားဗျာ. . . (ခဲယဉ်းပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် တကာတကာမတို့ ခုနင်ကရဟန်းကို ဘုရားက အပြစ်တင်လိုက်တာကော သဘောကျပလား (ကျပါ ပြီဘုရား) အဝိဇ္ဇါတဲ့ အတော်မသိတဲ့ပုဂ္ဂိုလ်ဟော့. . . တဲ့ (မှန်ပါ့) ဘာမှ အားကိုးစရာမရှိတော့ဘူး၊ ကံပဲအားကိုးစရာရှိတော့တယ်၊ ကံပဲ ငါ့ဥစ္စာလုပ်စရာရှိတော့တယ်လို့ သူက ယူပစ်လိုက်တာကိုး ဗျ . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



ယှူပစ်လိုက်တော့ ဘုရားက အဝိဇ္ဇါ အဝိဇ္ဇာဂတော့ (ပ) မညေ၊ ဆိုပြီးသကာလ ဘုရားကကဲ့ရဲ့တော်မူတယ် . . . (မှန်ပါ့) အဝိဇ္ဇာအားကြီးတဲ့ ပုဂ္ဂိုလ်ဟာ တဏှာမစွန့်နိုင်တာနဲ့ ကံကိုအားကိုးချလိုက်တယ် . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘဝတဏှာကို (မစွန့်နိုင်တာနဲ့) ဘာကိုအားကိုးလိုက် သတုန်း (ကံကိုအားကိုးလိုက်ပါတယ်) ကံကိုပဲ ငါ့ဥစ္စာရှိတော့ တယ်လို့ ယှူပစ်လိုက်တယ် . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း . . . တကာတကာမတို့ ဒီအဓိပ္ပါယ်ဟာ သေး သေးသိမ်သိမ်လို့ ဒကာကြွယ်တို့ မယှူလိုက်ပါနဲ့ (မှန်ပါ့) ဟိုမှာ ဘုရားက တရားဟောရင်းကို ဗွေဖောက်လာတာ . . (မှန်ပါ့) မဖေါက်ဘူးလား . . (ဖေါက်လာပါတယ်ဘုရား)။

ဘုရားကဘယ်နှယ့်ဟောသတုန်း၊ ရုပ်အနတ္တ၊ ဝေဒနာ အနတ္တ၊ သညာအနတ္တ၊ သင်္ခါရအနတ္တ၊ ဝိညာဏ်အနတ္တလို့၊ အနတ္တ တွေ အကုန်ဟောလိုက်တော့ တခါတည်း သူ့စိတ်ထဲမှာ အနတ္တက တာနိ-အနတ္တသည် ပြုအပ်ကုန်သော၊ ကမ္မာနိ-ကံတို့သည်၊ ကမတ္တာ နံ-ကံသာလျှင်ငါ့ဥစ္စာရှိသည်အဖြစ်သို့၊ ဖုသန္တိ-ရောက်ကုန်၏ . . . (မှန်ပါ့ဘုရား)။

ကံဟာ အနတ္တမဟုတ်တော့ဘူးတဲ့ (မှန်ပါ့) ကံပဲ ငါ့ဥစ္စာ တခုရှိတော့တယ်၊ ကျန်တာတွေဟာ အနတ္တချည့်ပဲတဲ့ (မှန်ပါ့)

www.dhammadownload.com



ဘယ်လောက်များ ဆိုးသွားသတုန်း. . . (ဆိုးပါတယ်ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကံပဲ မိမိဥစ္စာရှိတော့တယ်ဆိုတော့ ဒီဥစ္စာကလေးပဲ သူစွဲထားတော့မယ်ဆိုယင် ကိုင်ထားတော့မယ်၊ ဒါကလေးတော့ မပျောက်နိုင်တဲ့ ပစ္စည်းဆိုပြီး သဿတဒိဋ္ဌိစွဲထားတယ် (မှန်ပါ့) မစွဲဘူးလား စွဲသလား. . . (စွဲပါတယ်ဘုရား)။

တကာတကာမတို့ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ ဘုရား)ဩော်. . . ဒါဖြင့် တကာတကာမတို့ ခုနင်က ဆရာ ဘုန်းကြီးပြောခဲ့တဲ့အစိပ္ပါယ် ခင်ဗျားတို့ ကောင်းကောင်းရှင်းရ မယ်. . . (ရှင်းပါတယ်ဘုရား) ကံဟာ ပြုခဲ့တဲ့နေရာမှာ ချုပ်တာ ပဲ မဟုတ်လား. . . (ချုပ်ပါတယ်ဘုရား)။

နိဗ္ဗာန်မရသေးခဲ့လို့ အကျိုးပေးခဲ့လို့ရှိယင် အလားတူ တော့ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) ကံဒြပ်ကြီး ကတော့လိုက်ပါရဲ့လား. . . (မလိုက်ပါဘုရား) ဒီကံဟာ စင်စစ် အထည်ကြီးတော့ မလိုက်ဘူးပေါ့ဗျာ. . . (မှန်ပါ့) သတ္တိကလေး တော့ အကျိုးပေးမှာပေါ့ဗျာ. . . (မှန်ပါ့) ဒီကံကတော့ ဒီနေရာ မှာ ပြုတဲ့နေရာမှာ မချုပ်ဘူးလား . . . (ချုပ်ပါတယ်) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကံလဲ အနတ္တပဲဆိုတာ သဘောကျပလား (ကျပါပြီ) ကံဟာ အနတ္တပဲဆိုတော့ ခုနင်က ရဟန်းကတော့ ဒီလိုယူရဲ့လား. . . (မယူပါဘုရား) သူကတော့ ကံကိုပဲ ငါ့ဥစ္စာ

www.dhammadownload.com



ဆိုပြီး ဆုတ်ထားရတော့မှာပဲတဲ့၊ ကျန်တာတွေဟာ အနတ္တချည့် အကုန်ဖြစ်ကုန်ပြီတဲ့. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီရုပ်နာမ်ဟာ ကံကိုအနတ္တသဘော သူယူ သေးရဲ့လား (မယူပါဘုရား) ကံကို အတ္တသဘော မယူဘူးလား (ယူပါတယ်ဘုရား) ဒီမှာလဲ တကာတကာမတွေ ကံကတော့ဖြင့် နောက်ကအမြဲလိုက်နေတယ်လို့တော့ခင်ဗျားတို့လဲ ဘယ် သဘောရောက်သတုန်း. . . (ကံကို အတ္တသဘောယူရာ ရောက်နေပါတယ်) သချာပလား. . (သေချာပါတယ်ဘုရား)။

အတ္တဆိုတာ ခိုင်တယ် မြဲတယ်ပေါ့ဗျား. . (မှန်ပါ့) ဒီလိုမယူထားဘူးလား (ယူထားပါတယ်ဘုရား) သဗ္ဗေဓမ္မာ အနတ္တာနဲ့တော့ ဒကာကြွယ် ဘယ့်နှယ်နေသတုန်း. . . (ဆန့် ကျင်ဘက်ဖြစ်ပါတယ်ဘုရား) သဘောပါပလား. . . (ပါပါပြီ ဘုရား)။

အဲဒီတော့ ခုနင်က ရုပ်နာမ်ဖောက်ပုံနဲ့ ခင်ဗျားတို့ ယူ ထားပုံနဲ့ဟာ တန်းမနေဘူးလား . . . (တန်းနေပါတယ် ဘုရား) အဲဒါကြောင့် ကမ္မဝါဒီ သဿတဒိဋ္ဌိ. . . (မှန်ပါ့) ရိုပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကမ္မဝါဒီ သဿတဒိဋ္ဌိ ဖြစ်နေတော့ တကာတကာမ တွေ ကံ-ကံ၏ အကျိုးယုံကြည်တာ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ ပြည်တော့ အကျိုးပေးပါတယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

www.dhammadownload.com



ဒီကံအကျိုးပေးတာကို ခင်ဗျားတို့က သဘောကျနေယင်ဖြင့် နိဗ္ဗာန်တော့ဘယ့်နှယ်တုန်း. . . (မရနိုင်သေးပါဘုရား) ကံကိုတော့ ယုံကြည်နေတာကိုးဗျ . . . (မှန်ပါ) အဲဒါကြောင့် ကမ္မဿကတာဉာဏ်ဆိုတဲ့ဥစ္စာ အနုံစားဉာဏ် သစ္စာအနုလောမိက ဉာဏ်မှ အထက်ဉာဏ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ကမ္မဿကတဉာဏ်ဆိုတဲ့ဥစ္စာက သာသနာပလဲ ရှိတာပဲ. . . (မှန်ပါ) သာသနာပမှာ ဝေလာမပုဏ္ဏားကြီးတို့ဟာ ထမင်းရေချောင်းစီးလှူတာပေါ့၊ အမျိုးမျိုးအဖုံဖုံ လှူနေတာပဲ၊ ကမ္မဿကတဉာဏ်နဲ့လုပ်နေတာ ကျုပ်တို့ ဘုရားအလောင်းတော်ပါပဲ၊ ဝေလာမဗုဏ္ဏားဆိုတာ. . . (မှန်ပါ) သစ္စာအနုလောမိကဉာဏ်ရောက်အောင် တက်ပါ. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်ဉာဏ်ရောက်အောင် တက်ရမတုန်း. . . (သစ္စာအနုလောမိက ဉာဏ်ရောက်အောင် တက်ရပါမယ်) သစ္စာ အနုလောမိကဉာဏ်ဆိုတာကတော့ ဘယ်တရားလာစာ ခင်ဗျားတို့ ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာ မြင်အောင်ရှုနိုင်မှ သစ္စာအနုလောမိကဉာဏ်ဖြစ်ပါတယ်. . . (မှန်ပါ)

ဖြစ်ပျက်ဝိပဿနာရှုနိုင်မှ ဘာဉာဏ်ဖြစ်သတုန်း. . . (သစ္စာအနုလောမိကဉာဏ်ဖြစ်ပါတယ်) ကောင်းတာလုပ် ယင်ကောင်း ကျိုးပေးတယ်လို့ ယုံကြည်တာလောက်တော့ ကမ္မဿကတာဉာဏ်. . . (မှန်ပါ) အဲဒါ ဝိပဿနာ မှာလဲရှိတာပါပဲ. . . (မှန်ပါ)။

www.dhammadownload.com



သာသနာတွင်းမှာ ဆိုလို့ရှိယင် ဘယ်ဉာဏ်ရဖို့ အရေးကြီးသတုန်း. . . (သစ္စာနုလောမိကဉာဏ်ရဖို့ အရေး ကြီးပါတယ်) သစ္စာနုလောမိကဉာဏ်ရဖို့ အရေးကြီးတယ်ဆိုတော့ ခင်ဗျားတို့ကို ဆရာဘုန်းကြီးက သင်ထားတာ အရှိသားပဲ၊ ရုပ်ဖြစ်ဖြစ် နာမ်ဖြစ်ဖြစ်၊ စိတ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်၊ ဖြစ်ပျက်မြင်ယင် သစ္စာနဲ့လျော်ပြီ. . . (မှန်ပါ့ဘုရား)။

သစ္စက သစ္စာ၊ အနုလောမိက က လျော်တာ. . . (မှန်ပါ့) သစ္စာနဲ့လျှောတဲ့ဉာဏ်ရမှ နောက်ကိစ္စဉာဏ်ကို တက်နိုင်တော့မပေါ့. . . (မှန်ပါ့) နို့မဟုတ်ယင် တက်နိုင်ပါ့မလား . . . (မတက်နိုင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အခုဖြစ်ပျက်ရှုနေတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ်ကြမလဲ . . . (သစ္စာနုလောမိကဉာဏ်ပါဘုရား) သစ္စာအနုလောမိကဉာဏ်ဆိုတော့ ခင်ဗျားတို့ နိဗ္ဗာန်ရောက်နိုင်တဲ့ဉာဏ်အစစ် . . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဘာဉာဏ်ပါလိမ့်ဗျာ . . . (သစ္စာနုလောမိကဉာဏ်ပါဘုရား) သစ္စာနုလောမိကဉာဏ်သည် နိဗ္ဗာန်ရောက်မည့်အစစ်နော်. . . (မှန်ပါ့) သာသနာအတွင်းမှသာရှိတယ်နော် . . . (မှန်ပါ့) သာသနာပမှာ ကမ္မဿကတဉာဏ်ကတော့ (ရှိပါတယ်ဘုရား)။

ကမ္မဿကတဉာဏ်က ဘာတုန်းလို့ မေးတဲ့အခါ ကမ္မ

www.dhammadownload.com



သကတဉာဏ်ဟာ ခင်ဗျားတို့မှာလဲ အကုန်ရှိကြပါတယ်. . . (ရှိပါတယ်ဘုရား) ရှိပင်ရှိငြားသော်လဲ ငါလုပ်မှ ငါရဆိုတဲ့ အတ္တဒိဋ္ဌိပြုတ် မပြုတ်ဘူး. . . (မပြုတ်ပါဘုရား)။

မပြုတ်၊ ငါလုပ်ယင် ငါရတယ်လို့ မယူဘူးလား. . . (ယူပါတယ်ဘုရား) ငါပြုတ်ကဲ့လား. . . (မပြုတ်ပါ) မပြုတ်ယင် ဘာဒိဋ္ဌိလဲ. . . (အတ္တဒိဋ္ဌိပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

သသတဖြေလို့မရဘူး၊ ငါလုပ်ရင် ငါရတယ်ဆိုတော့ အတ္တဒိဋ္ဌိခံနေတယ်(မှန်ပါ့) ဘာဒိဋ္ဌိတဲ့တုန်း. . . (အတ္တဒိဋ္ဌိပါ ဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား)။

အဲဒီတော့ ကမ္မသကတဉာဏ်က ဒကာအုန်းတို့၊ ဒကာသစ်တို့ အတ္တဒိဋ္ဌိပြုတ်ပါရဲ့လား. . . (မပြုတ်ပါဘုရား) မပြုတ်ဘူး၊ ငါလုပ်ရင် ငါရတယ်၊ အတ္တဒိဋ္ဌိ ပါမပါ. . . (ပါ ပါတယ် ဘုရား) အဲ. . . ကမ္မသကတဉာဏ်နိဗ္ဗာန်တိုက်ရိုက် မသွားနိုင်တာက ဒီအတ္တဒိဋ္ဌိက ကန့်ကွက်တာ. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ကမ္မသသကတဉာဏ်ဟာ နိဗ္ဗာန်ကို ဘာနဲ့ကန့်ကွက် တာတုန်း (အတ္တဒိဋ္ဌိနဲ့ ကန့်ကွက်ပါတယ်ဘုရား) ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်သည် "ကဥ္စိသင်္ခါရံ နိစ္စတော ပဿတော အနုလောမိက ခန္တိယာ သမန္နာ ဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"

အတ္တဒိဋ္ဌိ ရှိနေလို့ရှိယင်ဖြင့် သစ္စာအနုလောမိကဉာဏ်

www.dhammadownload.com



ဘယ်တော့မှ မရပါဘူးတဲ့. . . (မှန်ပါ့) သစ္စာနုလောမိကဉာဏ် မရယင် ဘယ်တော့မှ မဂ်ဉာဏ်မရဘူးလို့ မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

အဲဒါတွေ ဟောထားတဲ့အတွက် ဒီကမ္မဿကတ ဉာဏ်က အတ္တဒိဋ္ဌိမပြုတ်မှန်း သေချာပလား. . . (သေချာပါပြီ ဘုရား) ဒကာကြွယ်ဘာတဲ့တုန်း (ကမ္မဿကတဉာဏ်က အတ္တဒိဋ္ဌိမပြုတ်မှန်း သေချာပါတယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိခံနေတယ် ပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

သစ္စအနုလောမိကဉာဏ်ဆိုတဲ့ ဥစ္စာကတော့ ဖြစ်ပျက် မြင်တဲ့ ဉာဏ်ဟာ သစ္စအနုလောမိကဉာဏ်(မှန်ပါ့) ဩော် . . . ဒီဥစ္စာတွေဟာ ငါ့ကိုယ်, ငါဟာ, ငါ့ဥစ္စာမဟုတ်လို့ ပျက် နေတာပဲဆိုတော့ သစ္စာနဲ့ မလျှော်ဘူးလား. . . (လျှော်ပါတယ် ဘုရား)။

အဲဒီဉာဏ်နဲ့ဖြင့် နိဗ္ဗာန်ကို့သေသေချာချာရောက်မယ် တဲ့. . . (မှန်ပါ့) အတ္တဒိဋ္ဌိပါသေးရဲ့လား. . . (မပါပါ) မပါတော့ ခင်ဗျားတို့ ဖြစ်ပျက်သိတဲ့ဉာဏ်က သစ္စာနဲ့လျော်သောကြောင့် သစ္စာထဲမှာလဲ နိဗ္ဗာန်ပါနေတယ်ဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် သူကတော့ နိဗ္ဗာန်ရောက်နိုင်တယ်. . . (မှန်ပါ့) ကမ္မဿကတဉာဏ်ကတော့ သုဂတိသွားဖို့လောက် သေချာပါတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ကမ္မဿကတဉာဏ်က ဘယ်သွားဖို့သေချာသတုန်း (သုဂတိသွားဖို့ သေချာပါတယ်ဘုရား) ဘယ့်နှယ့်ကြောင့် နိဗ္ဗာန်ရောက်အောင် မသွားပါလိမ့်မတုန်းဆိုတော့ ခင်ဗျားတို့ပဲ အမြဲထွက်နေပြီ. . . (အတ္တဒိဋ္ဌိမကွာလို့ပါဘုရား) အတ္တဒိဋ္ဌိကပ်နေတယ်. . . (မှန်ပါ့ဘုရား)။

အတ္တဒိဋ္ဌိက ကွာရဲ့လား. . . (မကွာပါဘုရား) ငါလုပ်ယင် ငါရတယ်ဆိုတဲ့ အတ္တဒိဋ္ဌိပြုတ်ပါရဲ့သား. . . (မပြုတ်ပါဘုရား) ဒိဋ္ဌိဆိုတာ သောတာပတ္တိမဂ်ကိုတောင် ကန့်ကွက်သေးတယ်၊ ဒီပြင်မဂ်ကကို ရနိုင်ပါ့မလား. . . (မရနိုင်ပါ) သေချာပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဘယ်ဉာဏ်ကို ခင်ဗျားတို့ ကျုပ်တို့ အရေးတကြီး ကြိုးစားရမယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ) ဘယ်လိုပေါ်လာသတုန်း. . . (သစ္စာနုလောမိကဉာဏ်ကို ရအောင်ကြိုးစားရပါမယ်) ဖြစ်ပျက်ကြိုးစားရမယ်ပြောတာပဲ. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘာကြိုးစားရမယ်ပြောတုန်း. . . (ဖြစ်ပျက်ကြိုးစားရမယ် ပြောတာပါ) အဲဒီတော့ ကမ္မဿကတဉာဏ်လဲ လုပ်တော့လုပ်ပေါ့ဗျာ. . . (မှန်ပါ) ဝဋ်ကိုတောင့်တပြီး မလုပ်ပါနဲ့၊ ဝဋ်ကျွတ်ရာကို ရည်မှန်းပြီးလုပ်ပါလို့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သို့သော်လဲ အမြဲတမ်း သတိထားရမှာက သစ္စာနုလော

www.dhammadownload.com



မိကဉာဏ်ကို လုပ်ရမယ်. . . (မှန်ပါ) ကဲသစ္စာနဲ့လျော်တယ်၊ မလျော်တယ် ခင်ဗျားတို့ အလုပ်တရား ပြပါတော့မယ်. . . (မှန်ပါ) အလုပ်တရားပြရမှာက သစ္စာနဲ့လျော်တဲ့ အလုပ်တရား ပြမယ်. . . (မှန်ပါဘုရား)။

ကိုင်း. . . ဒါဖြင့် စောစောစီးစီး ခင်ဗျားတို့စဉ်းစားပစ်လိုက် ခန္ဓာကိုယ်ထဲမှာနော်. . . (မှန်ပါ) "သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာ" ခင်ဗျားတို့ အခုပြောနေတဲ့ ခန္ဓာကြီး ဘာသစ္စာတဲ့တုန်း (ဒုက္ခသစ္စာပါဘုရား)။

သို့သော် ခင်ဗျားတို့ ခန္ဓာငါးပါးထဲက တပါးပါး ဒုက္ခသစ္စာတွေ့ယင် ကျန်တာတွေ အတူတူပေါ့ဗျာ၊ မဟုတ်ဘူးလား၊ (မှန်ပါ) တပါးပါး ဒုက္ခသစ္စာတွေ့ယင် ကျန်တာတွေ ထူးသေးရဲ့လား. . . (မထူးပါဘုရား)။

တကာကကာမတို့ အခုလက်အုပ်ချီပြီး တရားနာကြရတယ်။ တကာမတွေလဲ ဒူးတုပ်တရားနာကြတယ်၊ ယောကျ်ားတွေလဲ ဒူးတုပ်တရားနာရတယ်၊ ကြွင်တာ, ကိုက်တာ, ခဲတာတွေ မလာဘူးလား. ... (လာပါတယ်ဘုရား)။

အောက်ကကြမ်းကလဲ အမာနဲ့ အပေါ်က ဖိအားကလဲ ကြီးပါဘိနဲ့ ဒီကြားထဲမှာ ဒုက္ခဝေဒနာကလေးတွေက "ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယတိညာဏ်" ဆိုတဲ့ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကလေးတွေဟာ အနှံ့ပေါ်နေတာပဲ. . . . (ပေါ်ပါတယ်ဘုရား)။

www.dhammadownload.com



ဒါကကြမ်းပေါ်မှာ ပေါ်တာလား၊ ခင်ဗျားတို့၏ ရုပ်ကလာပ်ပေါ်မှာ ပေါ်တာလား. . . (ရုပ်ကလာပ်ပေါ်မှာ ပေါ်တာပါဘုရား) ရုပ်ကလာပ်ပေါ်မှာ ပေါ်လာတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်) ဒါဟာ ဝေဒနာက္ခန္ဓာ ကလေးကော ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်ဘုရား) ဒုက္ခ ဝေဒနာက္ခန္ဓာကလေးပေါ့ဗျာ. . . (မှန်ပါ)။

ဒုက္ခဝေဒနာက္ခန္ဓာ ကလေးဟာလဲ တကာတကာမတို့ ပေါ်လာပြီးသကာလ ဖြတ်ဆို တကာတကာမတွေက နာတယ် ဆိုပြီး ပြင်လိုက်တယ်၊ ပြင်လိုက်တော့ ဒုက္ခဝေဒနာ ကလေးဟာ ဝေဒနာက္ခန္ဓာချုပ်ကလေး ချုပ်သွားတယ်၊ အနာပေါက်နေတဲ့ ဒကာသစ်တစ်ယောက် သေသွားတာပဲ၊ ခုနင်က အချိန်က ဝေဒနာက္ခန္ဓာ ဒကာသစ်ကိုး. . . (မှန်ပါ)။

ဒုက္ခဝေဒနာက္ခန္ဓာ ဒကာသစ်. . . (မှန်ပါ) အခု ဘယ် သူတုန်းဆိုတော့. . အနာပျောက်နေတဲ့ ဒကာသစ်၊ မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အနာပျောက်နေတာက တကယ့်ကို မရှိတာလား ဆိုတော့ မဟုတ်ဘူး၊ သုခဝေဒနာနဲ့ နေတဲ့ဒကာသစ် . . . (မှန်ပါ) သုခဝေဒနာနဲ့နေတဲ့ ဒကာကြွယ်. . . (မှန်ပါ) သုခ ဝေဒနာနဲ့ နေတဲ့ ဦးဘအုန်း၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါ တယ်ဘုရား) အနာကတော့ မပျောက်ဘူးပေါ့ဗျာ၊ ဝေဒနာ ပြောင်းတယ်. . . (မှန်ပါဘုရား)။

www.dhammadownload.com



ဘယ့်နှယ်ဆိုကြမလဲ. . . (ဝေဒနာပြောင်းပါတယ် ဘုရား) အနာတော့ မပျောက်ပါဘူး၊ ဝေဒနာပြောင်းတာပဲ မနေ ဘူးလား. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အရင်ဟာ တစ်ယောက် ဒုက္ခရောက်သွားပြီ ဆိုတာ၊ ဘုန်းကြီးက ပြောဖို့လိုသေးသလား. . (မလိုပါဘုရား) ဒုက္ခဝေဒနာ ဒကာသစ်တစ်ယောက် ရှာလို့ တွေ့သေးရဲ့လား. . (မတွေ့ပါဘုရား) ဩော်. . . . ဒါဖြင့် ဒုက္ခသစ္စာမို့ ဒုက္ခရောက် သွားတာပဲ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခသစ္စာမို့ ဒုက္ခရောက် သွားတာပါဘုရား) ဒုက္ခသစ္စာမို့ ဒုက္ခရောက်သွားတာပေါ့၊ တယောက်ပင်လဲပေါ့ မလဲသေးဘူးလား. . . (လဲပါပြီဘုရား) အစပျောက်မသွားသေးဘူးလား. . . (ပျောက်သွားပါပြီ ဘုရား)။

အဲဒီအခါကျတော့ ဒီလိုပြလိုက်တဲ့အခါကျတော့ ဩော် . . . ဒုက္ခသစ္စာနဲ့ လျော်တဲ့ဉာဏ် ဝမ်းထဲမှာပေါ်လာတယ်. . . (မှန်ပါ့) ခန္ဓာက ဒုက္ခသစ္စာတရားပဲ၊ ဩော်. . . ဒုက္ခသစ္စာ ပါကလား. . . ဒုက္ခရောက်နေပါပေါ့လို့ သိတဲ့ လျော်တဲ့ ဉာဏ် ကလေးက ဝမ်းထဲရောက်မလာဘူးလား. . . (ရောက်လာပါ တယ်ဘုရား)။

ဒါဖြင့် သစ္စာအနုလောမိကဉာဏ်ဆိုတော့ ခန္ဓာက ဒုက္ခသစ္စာ သူကလျော်တဲ့ ဉာဏ်. . . (မှန်ပါ့) ခန္ဓာက (သစ္စာပါ)

www.dhammadownload.com



ဝမ်းထဲမှာ ပေါ်နေတဲ့ ဉာဏ်က. . . (လျှော်တဲ့ဉာဏ်ပါ) ဖြစ်တာနဲ့ကို လျှော်နေတဲ့ဉာဏ်. . . (မှန်ပါ့) ဒါ့ကြောင့် ခန္ဓာကြီးကလဲ ဒုက္ခသစ္စာ၊ ဝမ်းထဲကသိတာကလဲ ဒုက္ခသစ္စာလို့ပဲ သိတော့ လျှော်တဲ့ဉာဏ်ရတယ်၊ ဒါ့ကြောင့်. . . သစ္စာအနုလောမိကဉာဏ်. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

သစ္စာအနုလောမိကဉာဏ် ဆိုတော့ ခင်ဗျားတို့ ရှုပ်နေမှာ စိုးလို့၊ ခင်ဗျားတို့ ခန္ဓာကြီး ဖြစ်ပျက်ကဘာသစ္စာတုန်း. . . (ဒုက္ခသစ္စာပါ) အဲဒါ ဒကာသစ်က ကြည့်လိုက်၊ ဒကာအုန်းက ကြည့်လိုက်ပြီဆိုမှဖြင့် ဟိုကလဲသစ္စာပြတယ်၊ ဒီကလဲသစ္စာသိတဲ့ ဉာဏ်က ဝမ်းထဲမှာ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပြတာဒုက္ခသစ္စာ၊ သိတာကလဲ ဒုက္ခသစ္စာ သိတဲ့ဉာဏ်၊ ဩော်. . . သစ္စာပြလို့ သစ္စာသိတဲ့ဉာဏ်ပေါ်တာပဲ. . . (မှန်ပါ့) အဲဒါဟာ သစ္စာနဲ့ လျှော်တဲ့ဉာဏ်. . . (မှန်ပါ့) ဒီဉာဏ်က သာသနာတွင်းမှာရတယ်၊ သာသနာပမှာ မရနိုင်ဘူး. . . (မှန်ပါ့) သာသနာပမှာက ကမ္မဿကတဉာဏ်က အကောင်းဆုံးဖြစ်နေတယ်. . . (မှန်ပါ့) ဒကာကြွယ် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ကမ္မဿကတဉာဏ်ကို ခုနင်ကပြောခဲ့ပြီ၊ သူကဒိဋ္ဌိ မကွာဘူးနော်. . . (မှန်ပါ့) အခုဟာကတော့ ဒိဋ္ဌိပါသေးရဲ့လား (မပါ- ပါဘုရား) ခုနင်တုန်းက ပြောခဲ့တဲ့ ဒုက္ခဝေဒနာ ဒကာသစ်တစ်ယောက် ရှာလို့တွေ့သေးရဲ့လား . . .

www.dhammadownload.com



(မတွေ့ပါ ဘုရား) တစ်ယောက်လုံး ပျောက်သွားတယ် ဆိုယင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

အဲဒီတော့ ဘာသစ္စာဖြစ်သွားသတုန်း. . . (ဒုက္ခသစ္စာ ဖြစ်သွားပါတယ်) ဒုက္ခသစ္စာ ဖြစ်သွားတယ်လို့ ဉာဏ်က သိလိုက်တဲ့အခါကျတော့ ဒီဉာဏ်သည် သစ္စာသိတဲ့ဉာဏ် ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်) ဒါဖြင့် သစ္စာနဲ့လျော်အောင် သိတဲ့ဉာဏ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဦးဘအုန်းတို့က ဘယ်လို ဆုံးဖြတ်ချက်ချမလဲ၊ ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ပါ့မလဲ. . . (သစ္စာနုလောမိက ဉာဏ်ပါဘုရား)။ သစ္စာနဲ့လျော်အောင် သိတဲ့ဉာဏ်မို့ သစ္စာနုလောမိကဉာဏ်. . . (မှန်ပါ့) ခန္ဓာကလဲ သစ္စာပဲပြတယ်၊ ဉာဏ်ကလဲ ဒီလိုပဲ သိလိုက်တယ် (မှန်ပါ့)။

ဒါဖြင့် သစ္စာနုလောမိကဉာဏ်ကတော့ ဒီလိုဆရာသမားနဲ့လဲ တွေ့ပါမှ၊ သာသနာတွင်းလဲ ကြုံပါမှ ရနိုင်တယ်၊ နို့မဟုတ်လို့ရှိယင် ဒီဉာဏ်ဘယ်တော့မှ မရဘူး. . . (မှန်ပါ့) ကမ္မဿကတဉာဏ်ကတော့ အချိန်မရွေးရတယ်လို့ အောက်မေ့လိုက်စမ်းပါ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကမ္မဿကတဉာဏ်ကတော့ လမ်းတွေ့ခဲ့တဲ့ ခဲကလေး၊ ကျောက်ခဲကလေးတစ်ခု သူများကို တိုးမိမှာ နင်းမိမှာစိုးတာနဲ့ ဘေးဖယ်ပစ်ခဲ့တယ် ကိုယ်လဲကောင်းကောင်းသွားရ၊ သူတို့လဲ

www.dhammadownload.com



ကောင်းကောင်းသွားရပါစေဆိုတော့ ကိုယ်လဲပါတယ် ကိုယ်ဆိုတာက အတ္တဒိဋ္ဌိလဲပါတယ်၊ သူတို့ဆိုလဲ သက္ကာယဒိဋ္ဌိကော. . (ပါ ပါတယ်ဘုရား)။

အဲဒါတွေတော့ ဒိဋ္ဌိပြုတ်ပါရဲ့လား. . (မပြုတ်ပါဘုရား) မပြုတ်တာက ငါလဲ ကုသိုလ်ရရော ကျန်တဲ့ ပုဂ္ဂိုလ်တွေလဲ ချမ်းသာစေတော့ဆိုတော့ ပုဂ္ဂိုလ်ပါတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ သာသနာပမှာလဲ ရနိုင်တယ်ဆိုတာ ရှင်းပလား. . . (ရှင်းပါပြီဘုရား) တကာတကာမတို့ ဘယ်ဉာဏ်ကသာသနာတွင်းမှာတုန်း. . . (သစ္စာအနုလောမိကဉာဏ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာကလေးတွေကို ကြည့်ပါ၊ ခုနင်က ပြောသလို ဒုက္ခဝေဒနာ ဒကာသစ်တစ်ယောက်တော့ ပျက်စီးသွားပြီ၊ အခု ဒီနေရာမှာ ချမ်းသာတယ်ဆိုပြီး သကာလ ပြင်ပြီးထိုင်လိုက်တော့ ပြင်စမှာတော့ သုခဝေဒနာပဲ ဒကာသစ် (မှန်ပါ့ဘုရား)။

နောက်ကျတော့ နည်းနည်းကလေး ကြာသွား ပြန်တော့ ဒုက္ခဝေဒနာတစ်ခု မပေါ်ဘူးလား. . . (ပေါ်ပါတယ်) ဒါဟာ ခုနင်ကပေါ်တဲ့၊ သုခဝေဒနာ ဒကာသစ်၊ ရှိ -မရှိ (မရှိပါဘုရား)။

www.dhammadownload.com



ဒါဖြင့် တကာတကာမတို့ ခုနင်က ပထမတုန်းကတော့ သုခဝေဒနာပေါ်သလိုလို၊ ပျောက်သွား၊ အဲဒီသုခဝေဒနာ ပေါ်ချိန်က ဒကာသစ်တယောက် အခုဒုက္ခဝေဒနာ ပေါ်တော့ ရှိသေးရဲ့လား. . . (မရှိပါဘုရား) သူ့တို့လဲ ဘယ်ရောက် သွား သတုန်းလို့ မေးတဲ့အခါ ဖြစ်ပြီးပျက်သွားလေရဲ့. . . (မှန်ပါ့)။

သုခဝေဒနာ ဒကာသစ်တယောက်ဘာတုန်း. . . (ဖြစ်ပြီးပျက်သွားပါတယ်) ရှာတွေ့သေးရဲ့လား (မတွေ့ပါဘုရား) ရှာမတွေ့လို့ရှိယင် ဒီဥစ္စာရှာမတွေ့တဲ့ ဒုက္ခပဲ. . . (မှန်ပါ့) ရှာမတွေ့အောင် ဒုက္ခရောက်သွားတယ်ဆိုယင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဒါဖြင့် ရှာမတွေ့အောင် ဒုက္ခရောက်သွားတော့ ဩော် ခုနင်က ဆင်းရဲတာကလေးဟာ ဒုက္ခသစ္စာ. . . (မှန်ပါ့) အခု ချမ်းသာတာပျောက်တာလဲ (ဒုက္ခသစ္စာပါပဲ) နောက်တခါ ဆင်းရဲတာပေါ်ပြန်တော့. . . (ဒုက္ခသစ္စာပါပဲ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ သုခလဲ ဖြစ်ပျက်ပဲ၊ ဒုက္ခလဲ. . . (ဖြစ်ပျက်ပါပဲ) ဥပေက္ခာကော. . . (ဖြစ်ပျက်ပါပဲ) ဖြစ်ပျက်ပဲ ဆိုလို့ရှိယင် ရှာမတွေ့တာချည့် ခန္ဓာထဲ လှည့်နေတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ခန္ဓာကိုယ်ထဲ ဘာလှည့်နေသတုန်း. . . (ရှာမတွေ့တာချည်းလှည့်နေပါတယ်) ရှာမတွေ့တာချည်း လှည့်ပြီး

www.dhammadownload.com



သကာလ နေတော့ ဟာ. . . တကာ တကာမတွေ ဘာသစ္စာတွေပါလိမ့်. . . (ဒုက္ခသစ္စာတွေပါဘုရား) စဉ်းစားကြည့်လိုက်တော့ ဒုက္ခလား၊ ရှာမတွေ့တာလား၊ စဉ်းစားလိုက်တော့ ရှာမတွေ့တဲ့ ဒုက္ခပဲ. . . (မှန်ပါ့) ချမ်းသာတဲ့သုခလား၊ ရှာမတွေ့အောင် ပျောက်တာလား. . . (ရှာမတွေ့အောင်ပျောက်တာပါဘုရား) ဒါဖြင့် ဒုက္ခပဲ (မှန်ပါ့ဘုရား)။

သုခလား၊ ရှာမတွေ့အောင် ပျောက်သွားတာလား. . . (ရှာမတွေ့အောင် ပျောက်သွားတာပါ) ရှာမတွေ့အောင် ပျောက်သွားတော့ သူ့ကို ဘယ်အထဲသွင်းမယ်. . . (ဒုက္ခထဲ သွင်းပါမယ်ဘုရား) ဒါဖြင့် "ယံကိဉ္စိဝေဒယိတမ္ပေ၊ သဗ္ဗန္တံ ဒုက္ခံ" လို့ဖြစ်တဲ့ ဝေဒနာသုံးပါးရော ဒုက္ခချည်းပဲတဲ့ဆိုတော့ လွဲသေးရဲ့လား. . . (မလွဲပါဘုရား)။

ဝေဒနာသုံးမျိုးစလုံး ဘာပါလိမ့်. . . (ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာမှတပါး ဘာပါသေးသတုန်း. . . (ဘာမှ မပါပါဘုရား) သုခကြည့်လိုက်စမ်း ဒကာသစ်ရေ၊ ပျောက်ပျက်တာတွေ့တာပဲ၊ ဒုက္ခကြည့်လိုက်ပြန်လဲ. . . (ပျောက်ပျက်တာ တွေ့တာပါပဲဘုရား) ဥပေက္ခာကြည့်လိုက်ပြန်လဲ. . . (ပျောက်ပျက်တာပဲ တွေ့တာပါပဲ ဘုရား)။

ပျောက်ပျက်တာတွေချည်း တွေ့နေတော့ ဒကာအုန်းတို့ ဒကာကြွယ်တို့ ဖြစ်ခြင်းပျောက်ခြင်းမှ တပါးဘာရှိသေး

www.dhammadownload.com



သတုန်း (ဘာမှမရှိပါဘုရား) ဒါဖြင့် သူ့ကို ဘာသစ္စာခေါ်မတုန်း . . . (ဒုက္ခသစ္စာပါ) သိလိုက်တာက ဉာဏ်မနေဘူးလား . . (နေပါတယ်ဘုရား) ပြတာက ခန္ဓာက ပြတာ၊ သိတာက . . . (ဉာဏ်ကသိပါတယ်ဘုရား) ဒါဖြင့် အပြနဲ့ မသိ မလျော်ဘူးလား . . . (လျော်ပါတယ်ဘုရား)။

ပြတာလဲဒုက္ခပြတယ်၊ သိတာကလဲ ဘယ်လိုသိသတုန်း . . . (ဒုက္ခသိပါတယ်) ဒုက္ခလို့ သိတယ်ဆိုတော့ ဩော် . . . လျော်ပါပေတယ် . . . (မှန်ပါ) အပြနဲ့ အသိနဲ့ လျော်လို့ရှိယင် လျော်တယ်လို့ ဆိုရတယ် . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နာမည်ကလေး ရှာပေးလိုက် . . . (သစ္စ အနုလောမိကဉာဏ်ပါဘုရား) သစ္စာနဲ့ လျော်တဲ့ဉာဏ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် သစ္စာနဲ့ လျော်တဲ့ဉာဏ်ဟာ တကာ တကာမတွေ ဘယ်အချိန်စဉ်းစား စဉ်းစား သူ့ပေါ်နိုင်ရမယ် . . . (မှန်ပါ) သုခဝေဒနာတွေလဲ ဖြစ်ပြီးပျက်တဲ့ ဒုက္ခရောက်တာလဲ၊ တွေ့တာပဲ . . . (မှန်ပါ) ဒုက္ခဝေဒနာ ကြည့်ပြန်တော့လဲ ဒုက္ခဝေဒနာရယ်လို့ အထူးရှာမတွေ့ဘူး၊ ပျက်တာပဲ တွေ့တယ်၊ ပျောက်ပျက်တဲ့ ဒုက္ခပဲ တွေ့တယ် . . . (မှန်ပါ)။

ဥပေက္ခာကလေး ကြည့်လိုက်ပြန်လဲ ဘာတွေ့သတုန်း

www.dhammadownload.com



. . . (ပျောက်ပျက်တာပဲ တွေ့ပါတယ်) ပျောက်ပျက်တဲ့ ဒုက္ခပဲလို့ ဉာဏ်ထဲ မတွေ့ဘူးလား. . . (တွေ့ပါတယ်) ပျောက်ပျက်တာ ဒုက္ခသစ္စာ၊ သိတာသည်ကားလို့ ဆိုယင်ဖြင့် ခုနင်က ပျောက်ပျက်တာကို သိတာဟာ အလျော်အားဖြင့် သိတယ်၊ ပြောင်းပြန် ပြန်ပြီးသိတာ မဟုတ်ဘူး. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်လို သိတာပါလိမ့် . . . (အလျော်အားဖြင့် သိပါတယ်) အလျော်အားဖြင့် သိတာ၊ ပြောင်းပြန် ပြန်ပြီး သိလို့ မဖြစ်ဘူး. . (မှန်ပါ) အခုဟာက ဘယ်လိုသိတာပါလိမ့်. . . (အလျော်အားဖြင့် သိတာပါဘုရား) ဘာနဲ့ လျော်သတုန်း ဆိုလို့ ရှိယင် ခန္ဓာက ပြတဲ့သစ္စာနဲ့ ဉာဏ်ကသိတာနဲ့ လျော်တယ်. . . (မှန်ပါ) ခန္ဓာကပြတာလဲ ဒုက္ခသစ္စာ၊ ဉာဏ်က သိတာလဲ ဒုက္ခလို့ပဲ သိတယ်၊ ဒါဖြင့် သစ္စအနုလောမိကဉာဏ်. . . (မှန်ပါ)။

ဒီဉာဏ်နဲ့ချည့် ကြိုးစားနေကြမယ်ဆိုယင်ဖြင့် စကတည်းက သစ္စာသိတော့ သစ္စာဘယ်နှစ်ပါးသိသတုန်းလို့ မေးဖို့ မလိုဘူးလား (လိုပါတယ်) သစ္စာလာတာက တကာတဂ္ဂဟာမတို့ ဒုက္ခသစ္စာရှိနေတယ်. . . (မှန်ပါဘုရား) ဒုက္ခသစ္စာမရှိယင် ဒီနေရာမှာ ဘာသစ္စာလာရမလဲ. . . (နိရောဓသစ္စာပါ) နိရောဓသစ္စာလာရမယ်၊ နိရောဓသဘောပေါ်ရမယ်. . . (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

www.dhammadownload.com



ဒုက္ခသစ္စာကို အခုကြည့်နိုင်းတာ. . (မှန်ပါ) ဒုက္ခသစ္စာ မရှိယင် ဒီနေရာမှာ ဘာလာမယ်ထင်သတုန်း. . . (နိရောဓ သစ္စာပါဘုရား) ဒါဖြင့် တကာတကာမတို့ ဒီဒုက္ခသစ္စာကြီးကို သာ လျော်အောင် ကြည့်ကြည့် ကြည့်ကြည့်နေတော့ ဒီဒုက္ခ သစ္စာကြီးကို မုန်းလာမယ်၊ ဒီဒုက္ခသစ္စာကြီးနဲ့ လွတ်ချင်လာ တယ်. . . (မှန်ပါ)။

ဒီဉာဏ်တွေ အကုန်တက်လာမှာပဲ. . . (မှန်ပါ) ဒီ ဒုက္ခသစ္စာကြီးနဲ့ နေပဲမနေချင်ပါဘူး၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီလိုလာတဲ့အခါကျတော့ တခါတည်း ခုနင်က ဒုက္ခ သစ္စာဆိုတဲ့ ခန္ဓာကြီးဟာ ပျောက်ပျက်သွားတယ်. . . (မှန်ပါ) ပျောက်ပျက်သွားတာ တကာ တကာမတို့ ဒုက္ခသစ္စာ ချုပ်သွား တယ်. . . (မှန်ပါ) ဒုက္ခသစ္စာချုပ်သွားတော့ ခုနင်က ကြည့်နေ တဲ့ ဉာဏ်ကလေးက ဖြစ်ပျက် ဖြစ်ပျက်နဲ့ ကြည့်နေတဲ့ ဉာဏ်ဟာ အယင်တော့ ဒုက္ခကို ကြည့်နေတဲ့ဉာဏ်. . . (မှန်ပါ)။

အခုတော့ ဒုက္ခချုပ်တာကို မြင်တဲ့ဉာဏ် ဖြစ်သွားပြီ . . . (မှန်ပါ) ဒုက္ခချုပ်တာသည် နိဗ္ဗာန်၊ ချုပ်ပြီလို့ သူကသိ ပြန်တော့ ချုပ်တာနဲ့ လျော်တဲ့ဉာဏ် ပေါ်လာတယ်. . . (မှန်ပါ ဘုရား) ခုနင်တုန်းကတော့ ဒုက္ခနဲ့ လျော်တဲ့ဉာဏ် ပေါ်လာတယ်

www.dhammadownload.com



. . . (မှန်ပါ့ဘုရား) နောက် ဒုက္ခချုပ်သွားတော့ နိဗ္ဗာန်နဲ့ လျော်တဲ့ဉာဏ်ပေါ်လာတယ် . . . (မှန်ပါ့)။

သေသေချာချာမှတ်ပါ၊ ဒီစကား အင်မတန်အရေးကြီးနေတယ် . . . (မှန်ပါ့) ဒုက္ခကို ကြည့်နေတုန်းကတော့ ဒုက္ခနဲ့ လျော်တဲ့ ဉာဏ်ပေါ်လာတယ် . . . (မှန်ပါ့) ဒုက္ခချုပ်သွားတော့ ဘာဉာဏ်တုန်း . . . (နိဗ္ဗာန်နဲ့လျော်တဲ့ ဉာဏ်ပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ဒီတွင်တော်ကြဉီးစို့ . . .

သာဓု . . . သာဓု . . . သာဓု

www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် (၄၇/၉၄(၅))

ထုတ်ဝေသူ။ ဦးအောင်ချို၊ (မြ - ၀၈၃၁)
မိုးကုတ် ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။

အတွင်းစာသားပုံနှိပ်ခြင်း။ ဦးဝင်းအောင် (မြ - ၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် - ၈၄/၈၆၊ ၅၀-လမ်း၊
(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

www.dhammadownload.com